မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၈၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တနိုင်းလွင်ပြင်ဒေသ၌ ရေခံမြေခံကောင်းသော မြေလွတ်မြေရိုင်းများစွာတည်ရှိ မိုးစပါး၊ နွေစပါးသာမက စီးပွားဖြစ် နှစ်ရှည်သီးနှံပင်များ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်

နေပြည်တော် ဇူလိုင် ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မြစ်ကြီးနား-တနိုင်းကားလမ်း မိုင်တိုင်အမှတ်(၃၅) မိုးကောင်းမြို့နယ် မြတောင်ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် မြတောင်ကျေးရွာ ကွင်းအမှတ်(၅၆)ညောင်ပင်သာရှိ တောင်သူ ဒေါ်လှကြည်၏ လယ်မြေ၌ ကျင်းပသည့် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲသို့ ဒေသခံ ကျေးရွာများမှ တိုင်းရင်းသားတောင်သူများနှင့်အတူ တက်ရောက်အားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးကောင်းမြို့နယ် မြတောင်ကျေးရွာ မိုးစပါးထွန်ယက်စိုက်ပျိုးပွဲတွင် ကောက်စိုက်လုံမေများ ယှဉ်ပြိုင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ်အဆင့်ဆင့် သရုပ်ပြ အထွက်နှုန်းကောင်းမွန်ခြင်း တောင်သူများသိရှိရန် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့သို့ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဟဲဟိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ယူတတ်ရင် ရမှာပါ

အမှန်က အာဃာတတွေ၊ ဇာတိပုည၊ ဂုဏ်မာနတွေသာ ရှေ့တန်းမတင်ကြဘူးဆိုရင် ဒီမိုကရေစီက ရနေလောက်ပါပြီ။ ခုတော့ ဒီမိုကရေစီအနံ့လေးရရုံရှိသေး အစွယ်ငေါငေါတွေ ထွက်ခဲ့ကြတယ်။ ၉၀ပြည့်နှစ် ရွေးကောက်ပွဲပြီးခါစမှာပါ… ဒါတွေဟာ… စနစ်တစ်ခုကနေ စနစ်တစ်ခု အကူးအပြောင်းမှာ ဖြစ်တတ်တဲ့ လူ့သဘာဝလို့ ဆိုချင်ဆိုနိုင်ပေမယ့် ယုံကြည်မှုတွေ ပျက်ပြားသွားတာကတော့ တိုင်းပြည်အလွန်နစ်နာပါတယ်။

ဆရာစိုး(တောင်တွင်းကြီး)၏ ဆောင်းပါး (စာ ၈ – ၉) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၈ ရက်)

မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စိတ်တူကိုယ်တူလက်တွဲဆောင်ရွက်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော နောက်ဆုံးအကြိမ် အမျိုးသားညီလာခံကြီးကို ၂၀၀၇ခုနှစ် ဇူလိုင်လ၁၈ရက် **(ယနေ့)**တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ စတင်ကျင်းပလျက်ရှိသည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူခဲ့ချိန်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ချမှတ်ကာ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်ခဲ့သည်။ ယင်းကာလအတွင်း လမ်း၊ တံတား၊ ဆည်မြောင်း၊ ဆေးရုံ၊ ကျောင်းများ နယ်စပ်ဒေသပါမကျန် ဖြစ်ထွန်းတိုးတက်လာခဲ့သည်။

တစ်ပြိုင်တည်းတွင် နိုင်ငံတော်၏အသက်ခန္ဓာဟု ခေါ်ဆိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသော အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်မှ စတင်၍ ခေါ်ယူကျင်းပပေးခဲ့သည်။

အမျိုးသားညီလာခံ၏ အခန်းကဏ္ဍ အကြောင်းအရာအချို့နှင့်ပတ်သက်၍ NLD ပါတီက အကြောင်းပြကန့်ကွက်ပြီး ညီလာခံကိုကျောခိုင်းသွားခဲ့သဖြင့် အမျိုးသားညီလာခံကြီးသည် ၁၉၉၆ခုနှစ်တွင် ယာယီ ရပ်နားခဲ့ရသည်။

တပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ဆုံးပေါ်ပေါက်လာရေးကို ရှေးရှု၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ၂၀၀၃ ခုနှစ်တွင် ချမှတ်ကာ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ်၌ ပြန်လည်ကျင်းပခဲ့သည်။

၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ စဉ်ဆက်မပြတ်ကျင်းပ၍ ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ယခု ၂၀၀၇ ခုနှစ် ရောက်ရှိလာချိန်တွင် နိုင်ငံ့အသွင်ကူးပြောင်းရေးအတွက် အသက်တမျှအရေးပါလှသော ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ကျန်ရှိသော အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် နောက်ဆုံးအကြိမ် အမျိုးသားညီလာခံကို ကျင်းပနေခြင်းဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ရောက်ရှိရေးအတွက် တစ်ခုတည်းသော ထွက်ပေါက် မဟာဗျူဟာမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်သာလျှင် ဖြစ်သည်။ ယခုပထမအဆင့်၏ နောက်ဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီးကျန်အဆင့်များ တစ်ဆင့်ပြီးတစ်ဆင့် လျင်မြန်စွာ ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်သွားကြမည်သာ ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့် ရပ်ကွက် အမှတ်၃၁ မြို့ပတ် ၄လမ်း ထိပ်နေ အဖ ဦးတင်လှိုင်-အမိ ဒေါ်ညွန့်တင်အားရည်စူး၍ သမီး မဌေးဌေးရီ (MOB)ဘဏ်၊ သား မောင်မြသန်း(ခေတ္တ-မလေးရှား)တို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (မဇ္ဈိမဒေသ) တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သူနာပြုတက္ကသိုလ် (ရန်ကုန်)နှင့် ဆေးတက္ကသိုလ်(၁) ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းတည့်၁၂နာရီက သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ သွားရောက်၍ သင်ကြားရေးဆိုင်ရာကိစ္စများကို စစ်ဆေးသည်။

သူနာပြုတက္ကသိုလ်

ဝန်ကြီးနှင့်အဖွဲ့သည် သူနာပြုတက္ကသိုလ် စာသင်ဆောင်၌ သူနာပြုသိပ္ပံနောက်ဆုံးနှစ် ကျောင်းသူကျောင်းသားများနှင့် တတိယနှစ် သူနာပြုသိပ္ပံတက္ကသိုလ် ကျောင်းသူကျောင်းသားများ စာသင်ကြားနေမှုကို သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရင်းနှီးပွင့်လင်းစွာတွေ့ဆုံ၍ ဝန်ကြီးက ဆုံးမစကားပြောကြားသည်။

ဆေးတက္ကသိုလ်(၁)

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ပြည်လမ်းရှိဆေးတက္ကသိုလ်(၁) ရန်ကုန်စာသင်ဆောင် ၁၅၊ စာသင်ဆောင် ၁၆နှင့် စာသင်ဆောင် ၁၀၁တွင် သင်ကြားနေသော ကျောင်းသူ ကျောင်းသားများ၏ စာသင်ကြားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ဝဲပုံ)**လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ စားသောက်ဆိုင်ရောင်းချမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။ ထို့နောက် ဝန်ကြီးအား ပါမောက္ခချုပ် ဒေါက်တာအေးမောင်ဟန်က ဆေးတက္ကသိုလ်(၁) ရန်ကုန် ပြည်လမ်းတွင် အဆောက်အအုံ ပြုပြင်မွမ်းမံမည့် အစီအစဉ်များကို ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၈-၇-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၂)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၁၅)

မူးယစ်ကင်းဆင် အလှဆင်

သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၇

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၂၇)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၂၃ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ဟောကြားပြသမည်

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။

နှိုးဆော်ထား

တရားစခန်းဝင်ရောက်ရန် စာရင်းပေးထားသောယောဂီများ ဇူလိုင် ၂၂ရက် ညနေအရောက်လာရောက်ကြရန် နှိုးဆော်ထားပြီး ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် တပည့်ယောဂီ၊ ဒါယကာ ဒါယိကာမများ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဟုသိရသည်။ (၁၉၂)

● ရွှေဖုံးမှ

ရှေးဦးစွာမိုးကောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်က မိုးကောင်းမြို့နယ်၌ ၂၀၀၆–၂၀၀၇ မိုးစပါးရာသီ၌ ၇၀၄၂၃ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇–၂၀၀၈၌ ဧကရှစ်သောင်းစိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ ၃၇၃၀၃ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရန် လုပ်မြေနှင့် မြေရိုင်းများ ဖော်ထုတ်ခဲ့မှု အခြေအနေနှင့် ထွန်ယက်ပျိုးထောင် စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မိမိဒေသ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် မြင့်မားလာရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တိုးမြှင့်ဆောင်ရွက်ကြရန်နှင့် ဒေသဝမ်းစာ ပိုလျှံရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ကာ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးကြရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အသုံးပြုရေး၊ စိုက်ဧကတိုးချဲ့ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယခုစိုက်ပျိုးထွန်ယက်ပွဲ ကျင်းပသည့် မိုးကောင်းမြို့နယ် မြတောင်ကွင်းဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများကို တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် လက်လှမ်းတမီ ကြပ်မတ်ပံ့ပိုးဆောင်ရွက်နိုင်သည်ဖြစ်ရာ ဒေသခံတောင်သူများအတွက် စံပြစိုက်ကွင်းအဖြစ် စံနမူနာယူနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့အပြင် မိုးကောင်းဒေသသည် စိုက်ပျိုးရေးအတွက် ရေ၊ မြေ၊ ရာသီဥတု၊ သဘာဝ အခြေအနေကောင်းများ ပြည့်စုံနေသည့် အားလျော်စွာ မြေလွတ်မြေလပ်များပါမကျန် စိုက်ပျိုးနိုင်သည့် နေရာတိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြတောင်ကျေးရွာမှ ကောက်စိုက်လုံမေများက ကောက်ပင်များ ယှဉ်ပြိုင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပြိုင်ပွဲဝင်နေသည့် ကောက်စိုက် လုံမေများအား အဝတ်အထည်များပေးအပ်သည်။

အဆိုပါ မြတောင်ကျေးရွာ၌ မိုးစပါး ၉၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မြစ်ကြီးနား–တနိုင်းကားလမ်း မိုင်တိုင် (၃၆/၆)သို့ ရောက်ရှိကြရာ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးမိုးကျော်က စီတီးယံမှ မြစ်ကြီးနားသို့ မူလလမ်းဟောင်းတွင် လမ်းအကျယ်ပေ ၃၀ ပြုပြင် ဖောက်လုပ်ပြီးစီးခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား–နမ္မတီး–တနိုင်း–ပန်ဆောင်–လီဒိုလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ ဖားကန့်မြို့နယ်အပိုင်း မိုင်တိုင် (၆၀/၀)ရှိ ဒွန်ဘန်တံတားသို့ ရောက်ရှိကြသည်။

ကြံ့ခိုင်မှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မကြာမီဖွင့်လှစ်တော့မည့် ဒွန်ဘန်တံတား၏ ကြံ့ခိုင်မှုအခြေအနေနှင့် တံတားအောက်ရေစီးရေလာအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားမှာ အရှည်၂၁၆ပေ၊ ယာဉ်သွားလမ်း အကျယ် ၁၆ပေ ခြောက်လက်မ၊ ရေကင်းလွတ် အမြင့် ရှစ်ပေနှင့် ခွင့်ပြုအလေးချိန်မှာ ၂၅ တန်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် နောင်းမီဒေသ၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နောင်းမီဒေသ လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးက စီမံကိန်းဧရိယာအတွင်း၌ တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့ ကိုးဖွဲ့တို့က ၂၀၀၇–၂၀၀၈ မိုးစပါးရာသီတွင် ၂၂၃၈ဧက စိုက်ပျိုးသွားမည့် အစီအစဉ်နှင့် နှစ်အလိုက် စိုက်ပျိုးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အကူအညီပေး

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နောင်းမီဒေသသည် မြေလွတ်မြေရိုင်း များစွာရှိရာ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် အကျိုးရှိရှိ အသုံးချ၍ ဒေသဖွံ့ဖြိုးမှု အထောက်အကူ ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရေးနှင့် ဒေသခံများပါ လယ်မြေဖော်ထုတ် ဆောင်ရွက်ရေး အကူအညီပေးသွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မြစ်ကြီးနား–တနိုင်း–လီဒိုလမ်း ဖားကန့်မြို့နယ် နောင်းမီကျေးရွာအနီးရှိ ယုဇနကုမ္ပဏီ၏ နောင်းမီဒေသ မြေယာဖော်ထုတ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီ၏ လုပ်ငန်းခွင် Estate (A) အတွင်း မိုးစပါး စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာ လုပ်ငန်းခွင်အတွင်း ကုန်ထုတ်လမ်းများဖောက်လုပ်ထားရှိမှုကို လည်းကောင်း၊ ရေကြီးကွင်းဖြစ်၍ ရေလျှံမှုမှ ကာကွယ်နိုင်ရန် ရေသွားမြောင်းများ ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ စိုက်ပျိုးရေး လုပ်ငန်းသုံး စက်ယာဉ်ယန္တရားများ ရောက်ရှိမှု အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ယုဇနကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးဌေးမြင့်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စီမံကိန်း ဧရိယာအတွင်းရှိ ရှုရပ်မျှော်စင်မှနေ၍ မြေယာဖော်ထုတ်ထွန်ယက်ထားရှိမှု အခြေအနေနှင့် စပါး၊ ကြံ၊ ပြောင်းများ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က စီမံကိန်းဧရိယာအတွင်း ထွန်ယက်ပြီးသော မြေများ၌ စပါးမျိုးများ ကြဲပက်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား–တနိုင်းကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ ဝါရာဇွပ်ကျေးရွာအနီး၌ ယုဇနကုမ္ပဏီမှ စိုက်ပျိုးရေး ဝန်ထမ်းများ စားသုံးရန်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ စပါးကြိတ်ခွဲနိုင်ရန် ယုဇနကုမ္ပဏီမှ တည်ဆောက်ထားသည့် တစ်နေ့တင်း ၄၀ ကျဆန်စက်သို့ ရောက်ရှိပြီး စပါးခွံလောင်စာ ဓာတ်ငွေ့ကို အသုံးပြု၍ စပါးများ ကြိတ်ခွဲနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အောင်မြင်ဖြစ်ထွန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ယုဇနကုမ္ပဏီ၏ အောင်မြင်ဖြစ်ထွန်းနေသည့် ကြံစိုက်ခင်းများ၊ ပီလောပီနံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နန့်ဖြတ်ယန်ကျေးရွာအနီး ကြံစိုက်ခင်းနှင့် ပီလောပီနံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ယုဇနကုမ္ပဏီ၏ စိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ကချင်ပြည်နယ် ဖားကန့်နှင့် တနိုင်းမြို့နယ်တို့ရှိ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်း၏ ရည်ရွယ်ချက်၊ နှစ်အလိုက် မြေယာဖော်ထုတ်မှုနှင့် စိုက်ပျိုးသီးနှံလျာထားချက်၊ နှစ်စဉ်ကုန်ထုတ်လုပ်နိုင်မှုအခြေအနေနှင့် စီမံကိန်းပြီးစီးချိန်တွင် ဖြစ်ပေါ်လာမည့် အခြေအနေ၊ စက်ယာဉ်ယန္တရား လိုအပ်ချက်၊ ရောက်ရှိမှု၊ စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြည်နယ်အတွင်း၌ ပြည်တွင်းလောင်စာဆီဖူလုံရေး၊ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ ဒေသဝမ်းစာ စပါးပိုလျှံရေးတို့အတွက် မြေလွတ်မြေရိုင်းများကို တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေနှင့် ဒေသတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများအား အလားတူစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်ပေးရေး၊ လုပ်သားများနှင့် ဒေသရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ယုဇနကုမ္ပဏီသည်ကချင်ပြည်နယ် ဖားကန့်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့၌ မြေဧက ၂၅၀၀၀၀ လုပ်ကိုင်ခွင့်ရရှိပြီး ဒေသနှင့်ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများကို ဦးစားပေး စိုက်ပျိုးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ပြည်တွင်းလောင်စာဆီ၊ စားသုံးဆီ၊ သကြားဖူလုံစေရန်နှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ကြံဧက ၁၂၄၀၊ ပီလောပီနံဧက ၅၈၀၊ စပါးဧက ၆၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပြောင်း ဧက ၂၀၀၀ နှင့် ပဲဧက ၂၀၀၀ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ၄နာရီတွင် တနိုင်းမြို့သို့ ရောက်ရှိပြီး ဟူးကောင်းခန်းမ၌ တနိုင်းမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

တိုးချဲ့စိုက်ပျိုး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တနိုင်းလွင်ပြင်ဒေသ၌ ရေခံမြေခံကောင်းသည့် မြေလွတ် မြေရိုင်းများစွာရှိရာ ဒေသ၏ အခြေအနေပေးမှုနှင့်အညီ ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် မိုးစပါး၊ နွေစပါးသာမက စီးပွားဖြစ် နှစ်ရှည်သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးနိုင်သည့် မြေယာသစ်များ ဖော်ထုတ် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သကဲ့သို့ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးနည်းပညာသစ်များနှင့် မျိုးကောင်းမျိုးသန့်များနှင့်ဓာတ်မြေဩဇာတိုးတက်အသုံးပြုရေး၊ စိုက်ပျိုးရေး လုပ်ငန်းသစ်များ ချဲ့ထွင်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများက ကူညီဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း။

ဒေသတွင်းရှိ ယခင်က စိုက်ပျိုးခြင်းမပြုလုပ်နိုင်သည့် ရေနက်ကွင်းများကို မြေပြုပြင်၍ စပါး၊ကြံ၊ ပီလောပီနံ စသည့် သီးနှံများလာရောက် ရင်းနှီးလုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးပံ့ပိုးရန်လိုအပ်သကဲ့သို့ ဒေသခံပြည်သူများ ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေးကို စည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ ဒေသအတွင်း စားရေးဖူလုံရုံသာမက အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကြပြီး ဝင်ငွေတိုးပွားလာကာ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသခံ ပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေပြုပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရီရီသွယ်ထံ ပေးအပ်သည်။

ဆက်လက်၍ အဝတ်အထည်များကို လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ထို့နောက် Season Star ကုမ္ပဏီ၊ ရွှေတာမိန်ကုမ္ပဏီနှင့် ရွှေမိသားစု စက်လှေအသင်းတို့က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာအစောင် ၄၂၀ ကို ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးလဝမ်ဂျုံးထံ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စားသောက်ကုန်ပစ္စည်းများကို တနိုင်းမြို့မှ လူမှုရေး အသင်းအဖွဲ့ဝင်များအား အသီးသီး ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တနိုင်းမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ အထွက်ရှိ မြစ်ကြီးနား–ပန်ဆောင်–လီဒိုလမ်းပေါ်၌ တည်ဆောက်ထားသည့် တနိုင်းတံတားကို သွားရောက်ကြည့်ရှု၍ တံတားကြံ့ခိုင်မှု အခြေအနေနှင့် တနိုင်းချောင်း၏ ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါတနိုင်းတံတားမှာ အရှည် ၉၄၂ ပေ၊ ယာဉ်သွားလမ်း အကျယ် ၁၀ ပေ၊ ၁၀ ဒသမ ၅ လက်မနှင့် ခွင့်ပြုအလေးချိန်မှာ တန် ၂၀ ဖြစ်ပြီး တံတားကြီး ရေရှည်တည်တံ့ရေးနှင့် ကြာရှည်စွာ အသုံးပြုရန်အတွက် ရေလယ်တိုင် ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်တွင်းစိမ်းလန်းစိုပြည်ရေး၊ နှစ်ရှည်ပင်များနှင့် စပါးစိုက်ပျိုးရေး၊ ကြက်ဆူပင် စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားကြရေး မှာကြားပြီး စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ ဝိပဿနာစေတီတော်ကြီးအတွက် မြိတ်မြို့ မြစ်ငယ်ရပ် အမှတ် ၄၃ ဗဟိုလမ်းနေ (ဦးဂျီ နိုင် ဒူး) အား ရည်စူး၍ ဒေါ်ချန် ဒရာမားနှင့် သားသမီးမြေးတစ်စု ကောင်းမှုအဖြစ် အလှူငွေ ရွှေချိန် နှစ်ကျပ်သားရှိ ဆွဲကြိုးတစ်ကုံးနှင့် ရွှေချိန် ငါးမူးသားရှိ နီလာတစ်လုံးပါ လက်စွပ်တစ်ကွင်း စုစုပေါင်းကာလတန်ဖိုး ၁၀သိန်းကို ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ပျဉ်းမနားမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)က ပျဉ်းမနားဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များအား (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ ကြွရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း–၅၄၉၆၉၁၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်ဇံ ဖုန်း– ၆၅၁၁၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းခိုင် ဖုန်း –၅၃၅၁၉၃၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်နွယ်အေး ဖုန်း–၅၂၇၄၄၀နှင့် အတွင်းရေးမှူး ပျဉ်းမနားမြင့်လှိုင် ဖုန်း–၅၅၂၀၀၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ရှုရီမဟာလက်ချ်မီးမယ်တော် (မင်္ဂလာဒီပ–ဆီမီး)အား ဦးထိပ်ထား၍ ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ ရပ်ကွက်ပေါင်းစုံမှ ဟိန္ဒူမြန်မာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများဦးဆောင်ပြီး ဒုတိယအကြိမ် ရှုရီမဟာလက်ချ်မီးမယ်တော် (မင်္ဂလာဒီပ–ဆီမီး)အား ဆီမီးထွန်းညှိပူဇော်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ အမှတ် (၄) ရပ်ကွက် မဟာဗန္ဓုလလမ်းမကြီး အထက(၃) ကျောင်းရှေ့ရှိ ဆရာဝန်များအသင်းခန်းမဆောင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(က–ပ)

18-7 (03) 1 7/18/07, 1:58 AM

■ **ရှေ့ဖုံးမှ**

တင်ပြဆွေးနွေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းအား ဟဲဟိုးလေဆိပ်ညှော့ခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အုပ်ချုပ်ရေး၊ စီးပွားရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေးတိုးတက်မှုအခြေအနေများ တင်ပြဆွေးနွေးချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းတည့် ၁၂နာရီတွင် ကျိုင်းတုံမြို့သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့တွင်း ဖွံ့ဖြိုးစည်ပင်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံမြို့၌ ညအိပ်ရပ်နားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၆ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တြိဂံဒေသတိုင်းစစ်ဌာနချုပ် စမ်းသပ်လယ်မြေ၌ ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ယာယီ ရှင်းလင်းဆောင်၌ ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်က ၆၆ပေ ပတ်လည်ရှိ လယ်မြေ၌ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဦးမင်း လယ်မြေ၌ ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ်ဖြင့် ရွှေရင်အေးစပါးမျိုး ပထမပျိုးခင်းမှ ဒုတိယပျိုးခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်း၊ ဒုတိယပျိုးခင်းမှ တတိယပျိုးခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်းအခြေအနေများနှင့် စပါးထွက်နှုန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ် အဆင့်ဆင့် လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးပြီး လယ်မြေ ၁၀ဧက၌ မိုးစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

လက်တွေ့သရုပ်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက ကုန်ကျစရိတ် လျှော့ချနိုင်ကာ အထွက်နှုန်းကောင်းမွန်ခြင်းတို့ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည့်အပြင် အသိပညာပေးခြင်း လုပ်ငန်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကိုပါ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၌ ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးလျာထား ဧက၃၉၀၀၀၀၌ စုစုပေါင်း ၂၉၄၃၆၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မြန်မာ့စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ အထွက်ကောင်းမြေပဲ မျိုးပွားစိုက်ခင်း၌ ဆင်းပဒေသာ(၇) စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ခြံမန်နေဂျာဦးမြင့်အောင်က မြေပဲမျိုးသန့်စိုက်ပျိုးပြီး မျိုးပွားမှု အခြေအနေ၊ တစ်ဧကအထွက်နှုန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာဦးအောင်ခင်၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

အချိန်မီဖြန့်ဖြူးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မြေပဲမျိုးပွားစိုက်ခင်းသို့ တောင်သူများခေါ်ယူ၍ စိုက်ပျိုး ဖြစ်ထွန်းမှုကို လက်တွေ့ပြသကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေးကို ဌာနဆိုင်ရာ တာဝန်ရှိသူများက အချိန်မီ ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသတွင် မြေပဲလျာထားဧက ၆၅၀၆ ဧက၌ ဧက၆၂၀စိုက်ပျိုးပြီး စီမံကိန်းလျာထားချက်အပေါ် ၁၀၁ ဒသမ ၇၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့် အတူ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူ စံပြပျိုးခြံသို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူ ပျိုးပင်တစ်သိန်းပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များအား ရှင်းလင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စမ်းသပ်လယ်မြေ၌ ပျိုးသက်နုစပါးစိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောင်၌တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အေးလင်းက တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပြီးစီးမှု၊ လျာထားချက်ပြည့်မီကျော်လွန်ရန် စိုက်ပျိုးမည့် အစီအစဉ်များကိုလည်းကောင်း၊ ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်က ဌာနဆိုင်ရာများနှင့် မြို့နယ်များတွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ ပျိုးထောင်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တပ်နယ်များ၊ ဌာနဆိုင်ရာများနှင့် မြို့နယ်များအလိုက် စိုက်ပျိုးပြီးစီးပြီး ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုးမှုရှိမရှိနှင့် စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်စစ်ဆေးရန် လိုကြောင်းဖြင့် မှာကြားပြီး စိုက်ပျိုးပြီး ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးပြီးဖြစ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း ၂၀၀၆ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် ၃၂၀၆၈ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၇ခုနှစ်တွင် ဧက ၁၅၀၀၀၀ လျာထားရာ ၁၀၉၅၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တြိဂံဒေသတိုင်း စစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူကြိတ် စက်ရုံသို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူဆီနှင့် ဘိုင်အိုဒီဇယ်ဆီကိုလည်းကောင်း၊ တစ်နာရီလျှင် သုံးတင်းကျကြိတ်နိုင်သော အင်ဂျင် ၂၅ ကောင်အားရှိ ခြံစည်းရိုးကြက်ဆူစေ့ ကြိတ်စက် လက်တွေ့သရုပ် ပြသမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်မှူးကြီးအေးလင်းက ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်ရေး ဓာတ်ခွဲခန်း စမ်းသပ်မှု အဆင့်ဆင့်၊ ဘိုင်အိုဒီဇယ်ဆီရရှိမှု အဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်ရာတွင် ရရှိသည့် ဆပ်ပြာ၊ ဂရစ်ဆလင်းနှင့် ဘိုင်အိုဒီဇယ်ဆီတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ နယ်မြေခံ တပ်ရင်း၏ ခြံစည်းရိုးကြက်ဆူနှင့် ရော်ဘာစိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ယာယီ တပ်ရင်းမှူးဗိုလ်မှူးစောဝင်းက ခြံစည်းရိုးကြက်ဆူပင်နှင့် ရော်ဘာစိုက်ပျိုးမှု အခြေအနေ၊ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ခြံစည်းရိုးကြက်ဆူပင်နှင့် ရော်ဘာပင်များ စံပြအဖြစ် ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ-မိုင်းခတ်လမ်းပေါ်ရှိ ဝမ်တာပုံ တံတားသို့ရောက်ရှိကြပြီး တံတားကြံ့ခိုင်မှုအခြေအနေနှင့် ဝမ်လင်ချောင်း ရေစီးဆင်းမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဝမ်တာပုံတံတားသည် အလျားပေ ၁၄၀၊ အကျယ် ၁၂ ပေခွဲရှိပြီး ခံနိုင်ဝန်အားမှာ ၁၃တန်ဖြစ်သည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံ-မိုင်းခတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၂၃/၂)၌ စက်ယန္တရားများဖြင့် ကျောက်ချောလမ်းခင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ ၂၄ မိုင် ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း မဟာဗျူဟာလမ်းတိုးတက်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရာသီမရွေးအသုံးပြု

တင်ပြချက်များအပေါ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လျာထားသတ်မှတ်ချိန်တွင်ပြီးစီးရေးနှင့် ရာသီမရွေး အသုံးပြုနိုင်သော လမ်းဖြစ်ရန် အချိုးအကွေ့များတွင် တောင်ကမ်းပါးယံဖြင့် နီးကပ်၍ လမ်းသားချဲ့ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည်တိုင်းမှူး၊ အဖွဲ့ဝင်များနှင့် အတူမော်တော်ယာဉ်များဖြင့်ဆက်လက် ထွက်ခွာလာပြီး ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း၌ ကျောက်များခင်းပြီးမှု၊ လမ်းအကျယ်များတိုးချဲ့ထားရှိမှု၊ရေပြွန်များ၊ တံတားများတည်ဆောက်ပြီးစီးမှု၊ လမ်း ဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ ဖောက်လုပ်ပြီးစီးမှုနှင့် စိမ်းလန်းစိုပြည်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းယန်းမြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

နေနတ်သားစာသင်တိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့်နာယက စာချ၊ စာသင် သံဃာတော် ၁၀၀ကျော်တို့အား (၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆို လဆန်း ၈ ရက်) ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဝါဆိုသင်္ကန်းများ စုပေါင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၇

အိန္ဒိယသမ္မတနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင်ဝါဆိုတော်မူကြသည့် မြန်မာရဟန်းတော် ၂၅၈ပါးနှင့် အာသံ- တြိပူရ-မဏိပူရ ဒေသများရှိ သံဃာတော်အပါး ၄၀၀တို့အတွက် မဇ္ဈိမဒေသ (၂၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ဖုန်း-၀၁-၅၄၅၂၁၅၊ ၅၄၅၂၁၆၊ ၅၅၅၁၇၃၊ ၇၂၇၇၄၆၊ ၅၃၆၃၄၈ နှင့် ၅၄၂၂၃၆ တို့သို့ ဇူလိုင် ၂၉ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပညာရည်ထူးချွန်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သားသမီးများအတွက် ပညာရည်ထူးချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။

နှိုးဆော်ထား

ဂုဏ်ထူးရှင်မိဘများသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်ဖြစ်ကြောင်း အထောက်အထားနှင့် ဂုဏ်ထူးရှင်မှန်ကန်ကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံစာတို့နှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး လျှောက်ထားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၇-၂၀၀၇ရက်(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာဘိဝံသ၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ အရာတော်ရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ၊ပထမနှစ် (ဒဿနိကဗေဒ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ပထဝီဝင်၊ ဥပဒေပညာ၊ သမိုင်းအထူးပြု များ) [ဒဿနိကဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၀ ၆။ သီချင်းကြီးပဒေသာ
၁၇:၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၂။ Disecoverary
၁၉:၁၀ ၁၃။ တေးဂီတအစီအစဉ်
၁၉:၂၀ ၁၄။ မြန်မာ့ခြင်းလုံး
၁၉:၃၀ ၁၅။ "သူနဲ့ပဲ နေတော့မယ်" (ငှက်ပျော်ကြော်၊ ကြူကြူသင်း) ဒါရိုက်တာ-ရွှေဦး၊ MRTV
၁၉:၄၀ ၁၆။ စက္ခုအလင်းဆောင်ပွဲဆင် တောင်သာမြို့တစ်ခွင်ပီတိရှွင်
၁၉:၅၀ ၁၇။ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ "ကြယ်စင်ပတ်လည်ဝန်းရံ ပျက်တည်သောအတိုင်းမသိရွေ့ပြည်" (ညွန့်ဝင်း၊ နေအောင်၊ ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)

မြန်မာနိုင်ငံ ပြည်တွင်း၌ အင်အားနည်း မြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့မွန်းလွဲ ၃ နာရီ ၀၂မိနစ် ၂၅ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ (မြန်မာနိုင်ငံပြည်တွင်း)၌ အင်အားရစ်ချ်တာစကေး ၂ ဒသမ ၉ ရှိ အင်အားနည်း မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး မင်္ဂလာပန္နက်တင်ပေး တည်ဆောက်ပြီးစီးပါက ကလေးလူနာများ ခုတင် ၂၀၀ တိုးချဲ့လက်ခံနိုင်မည်

ရန်ကုန် ဇူလိုင် ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်ကလေးဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပသည့် ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး မင်္ဂလာပန္နက်တင်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ဧည့်သည်တော်များ၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် မင်္ဂလာစည်တော်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရန်ကုန်ကလေးဆေးရုံကြီးဝင်းအတွင်းရှိ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက တိုးချဲ့ဆောင် ဆောက်လုပ်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နံ့သာရည်ပက်ဖျန်းပေး

ယင်းနောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကိုကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မင်္ဂလာအချိန်တွင် မင်းတိုင်နေရာ၌ မင်္ဂလာပန္နက်တော်တင်ပေးပြီး မင်္ဂလာပန္နက်တိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ဥရတိုင်နေရာတွင် မင်္ဂလာပန္နက်တော်တင်ပေးပြီး မင်္ဂလာပန္နက်တိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ရွှေတိုင်နေရာတွင် မင်္ဂလာပန္နက်တော်တင်ပေးပြီး မင်္ဂလာပန္နက်တိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ပန္နက်တင်ပေး

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ငွေတိုင်နေရာတွင် လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ရတနာတိုင်နေရာတွင် လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် သီရိတိုင်နေရာတွင် လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးသည် အကျိုးဆောင်တိုင်နေရာတွင် လည်းကောင်း၊ မတည်အလှူရှင် ဦးကျင်ဝမ်-ဒေါ်လှသိန်း (ဂျိုးသိန်း ဆေးပေါ့လိပ်၊ ပဲခူးမြို့)သည် ဒါယကာတိုင်နေရာတွင် လည်းကောင်း၊ ရန်ကုန် ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းသည် ဥပါသကာတိုင်နေရာတွင် လည်းကောင်း အသီးသီး မင်္ဂလာပန္နက်တော်တင်ပေးကြပြီး မင်္ဂလာပန္နက်တိုင်များကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုးချဲ့လက်ခံ

ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ကို အလျားပေ၂၀၀၊ အနံပေ ၄၀ လေးထပ်အဆောက်အအုံအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ပြီး တိုးချဲ့ဆောင်ပြီးစီးပါက တစ်ထပ်လျှင် ခုတင်(၅၀)လေးထပ်တွင် စုစုပေါင်း ခုတင်(၂၀၀) တိုးချဲ့၍ ကလေးလူနာများအား လက်ခံကုသသွားနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်ကလေးဆေးရုံကြီး သွေးဘဏ်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံး ဦးဆောင်မှုဖြင့် လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက သွေးလှူဒါန်းနေသည်များကို ကြည့်ရှုအားပေးကြသည်။**(အပေါ်ဝဲပုံ)**

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံး ဦးဆောင်မှုဖြင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ဇူလိုင်၉ရက်မှ ၃၁ရက်အထိ ရန်ကုန်ကလေးဆေးရုံကြီးတွင် နေ့စဉ် သွေးများလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့်ရပ်ကွက်အတွင်းရှိ ဈေးဟောင်းလမ်း၊ ၁၆၄ လမ်း၊ ၁၆၅ လမ်းနှင့် မချစ်တီးလမ်းများတွင် ဖုံးသွန်လဲ စစ်ဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းများကို ဇူလိုင် ၁၄ ရက်နံနက်က ပြုလုပ်ရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်မိမိတင်နှင့်ဝန်ထမ်းများ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဆန်းကြွယ်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် အတွင်းရှိ လူမှုရေး အသင်းအဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ကြစဉ်။(က-ပ)

မန္တလေးအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၇

မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် ၆၂၈/၆၃၂ ပထမထပ်ရှိ မန္တလေးအသင်း (ရန်ကုန်) ရတနာပုံ ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ မန္တလေးအသင်းဝင်များ၊ မိတ်သင်္ဂဟများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်း လိုသူများသည် မန္တလေးအသင်း(ရန်ကုန်) ဖုန်း-၃၈၈၆၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း အမှတ်၉၇ ဘီနေ ဦးနေလင်းအောင်-မယုယုဌေး(ချမ်းမြေ့သာ ပရိဘောဂ မိသားစု)က မဝါဝါဌေးအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်လေးသိန်းတန်ဖိုးရှိ ဆေးမျိုးစုံ၊ အိုဗာတင်း၊ ခေါက်ဆွဲခြောက်၊ သကြားနှင့် ဆပ်ပြာမှုန့်တို့ကိုလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြိုးက လက်ခံယူစဉ်။ (က-ပ)

အဘိဓမ္မာခုနစ်ကျမ်း စာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အကြိမ်(၄၀)မြောက် အဘိဓမ္မာခုနစ်ကျမ်း(အာဂမ+သဘာဝ) စာပြန်ပွဲကြီးကို (၁၃၆၉ ခုနှစ်ဝါခေါင်လပြည့်ကျော် ၄ ရက်မှ ၉ ရက်)စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာရတနာဃရ(အဘိဓမ္မာဓမ္မဗိမာန်တော်)၌ ကျင်းပမည်ဖြစ်ရာ အဆိုပါစာပြန်ပွဲကြီးသို့ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်အရှင်မြတ်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်တို့သည် (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်) ဩဂုတ် ၇ ရက်(အင်္ဂါနေ့)ညနေ၄ နာရီနောက်ဆုံးထားပြီး လျှောက်လွှာများကို ဆူးလေစေတီတော်ရှိ အသင်းတိုက်သို့ ပေးပို့ကြရန်နှင့် သင်္ကန်းဒွိစုံ အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းလိုသူများသည် အသင်းတိုက် ဖုန်း-၃၇၈၄၅၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၇

ပို့ဆောင်ရေး ဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၅ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၅)တွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအတွင်းရှိ ဌာနများမှ အကြီးအကဲများနှင့် အရာထမ်းများ၊ အမှုထမ်းများ တက်ရောက်ကြသည်။

စိုက်ပျိုးကြ

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ**(ယာပုံ)**က ပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ပိတောက်ပင်ကို စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ခရေပင်ကိုစိုက်ပျိုးသည်။ ဆက်လက်၍ ဌာနဆိုင်ရာ အကြီးအကဲများက သတ်မှတ်ထားသည့် နေရာများတွင် သစ်ပင်များကို အသီးသီးစိုက်ပျိုးကြသည်။

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ရုံးပတ်ဝန်းကျင်တွင် အရာထမ်းများ၊ အမှုထမ်းများက ပိတောက်၊ ခရေ၊ သစ်ဆိမ့်၊ ကံ့ကော်၊ သရက်၊ သပြေ၊ ရွှက်လှ၊ ကျွန်းနှင့် တမာပင်များ တပျော်တပါး စိုက်ပျိုးနေသည်တို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျဉ်းမနားတပ်နယ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၇

ပျဉ်းမနားတပ်နယ်၏ ၂၀၀၇ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၁၅ရက် နံနက် ၈ နာရီက ပျဉ်းမနားမြို့ ရွာတော်လမ်းဆုံ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်မှအရာရှိကြီးများ၊ ပျဉ်းမနားတပ်နယ်မှူး၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် စစ်သည်မိသားစုဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီးတို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး **(အောက်ပုံ)** အခမ်းအနားသို့ တက်ရောက်လာကြသော အရာရှိကြီးများ၊ တပ်ရင်း တပ်ဖွဲ့မှူးများနှင့် စစ်သည် မိသားစုဝင်များက သတ်မှတ်ထားသောနေရာများတွင် သစ်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က တပ်မိသားစုဝင်များ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

တက်ရောက်

ဇူလိုင်၁၅ရက်က ကျင်းပသည့် သစ်ပင် စိုက်ပျိုးပွဲတော် အခမ်းအနားတွင် ခြံစည်း ရိုးကြက်ဆူပင် ၁၃၃၀၊ ရတနာတန်းဝင် အပင်နှင့် အရိပ်ရ လေကာပင်များ ဖြစ်သည့် ကျွန်း၊ ပိတောက်၊ ခရေ၊မန်ကျည်း၊ သစ်ဆိမ့်၊ စိန်ပန်း၊ မဲဇလီ၊ သီဟိုဠ်၊ အော်ရေးရှား၊ ရေတမာ၊ ဘောစကိုင်း၊ ဆီသပြေ အစရှိသည့် အပင်ပေါင်း ၄၈၈ပင် စုစုပေါင်း၁၈၁၈ပင်စိုက်ပျိုးခဲ့ပြီးတပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည် မိသားစုဝင် စုစုပေါင်းအင်အား ၈၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

တစ်ပြိုင်နက်တည်းကျင်းပ

အလားတူ တိုင်းစစ်ဌာနချုပ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့အသီးသီး တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်နက်တည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်း တော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး) အတွက် ကချင်ပြည်နယ် မိုးကောင်းမြို့ (ပင်းဘော)နေ ဦးထွန်းထွန်း၊ ဦးမြင့်ကို၊ ဒေါ်တင်တင်ဌေးနှင့် မောင်နှမတစ်စုတို့က ကျောင်းအလှူငွေကျပ် ၁၃၀၀၀၀ကို အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးနန္ဒဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မွန်ပြည်နယ်ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၇

မွန်ပြည်နယ် ရဲတပ်ဖွဲ့၏ ၂၀၀၇ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွန်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်တို့မှ ခရိုင်၊မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ရဲစခန်းမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းက အဖွင့်အမှာ စကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန် က မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ ၂၀၀၇ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ပြည်နယ် တရားသူကြီးဦးမြင့်ဝင်းနှင့် မွန်ပြည်နယ် ဥပဒေအရာရှိ ဦးခင်ဝင်းတို့က တရားစီရင်မှုနှင့် ဥပဒေရေးရာ ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ဆက်လက်၍ ပြည်နယ်ရဲ တပ်ဖွဲ့ မှူး၊ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်း ပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

အမှာစကား

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ ဘုရားရှိပ်တရားရှိပ်တရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရဆရာတော်)
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ အိုလံပစ်နေ့ အထိမ်းအမှတ် ကျွမ်းဘားအားကစားပြိုင်ပွဲ
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ အသည်းကင်ဆာ သိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း)
- ၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၃၅ ငါးရစ်မျိုးငါး...တို့မစား (ရော၊ ခိုင်သင်းကြည်) (ဒါရိုက်တာ ရဲဝင်းနီ)
- ၉:၄၅ တေးဂီတအစီအစဉ်
- ၉:၅၀ Midweek Sports News
- ၁၀:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၀ ဆောင်းပါးရှင် အတွေးအမြင် (ငါးမင်းဆွေနှင့်တွေ့ဆုံခြင်း)
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ကျော်ကျော်ဗိုနှင့် တွေ့ဆုံခြင်း)
- ၁၁:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅ ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနား
- ၁၂:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၀၅ နိုင်ငံတကာစံချိန်မီ လက်ကိုင်အိတ်နှင့် ဖိနပ်လေးများ
- ၁၂:၃၀ တေးဂီတအစီအစဉ်
- ၁၂:၃၅ အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ကိုကိုလင်းမောင်၊ မခိုင်ဇင်ဝင့်ရှိန်တို့နှင့် တွေ့ဆုံခြင်း)
- ၁၂:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်များ

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
ညနေ ၄:၅၀	အင်ဒိုနီးရှား-တောင်ကိုရီးယား	MRTV-4 (Live)
ည ၇:၀၅	ဥဇဘက်ကစ္စတန်-တရုတ်	MRTV-4 (Live)

သိမ်ကုန်းကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာရှိ သိမ်ကုန်းကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော်ဘဒ္ဒန္တကုမာရ (သိရီပဝရ ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ၊ ကိုလံဘို)အမှူးပြုသော ကျောင်းတိုက်ရှိ သံဃာတော်များအား ဒုတိယ ဝါဆိုလပြည့်နေ့(ဇူလိုင် ၂၉ရက်) တနင်္ဂနွေနေ့နံနက် ၉နာရီတွင် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး အလှူရှင် ဦးကြည်ဝမ်- ဒေါ်သန်းညွန့် (မြိတ်) မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ဝါဆိုသင်္ကန်း ကပ်လှူရာ၌ ဝတ္ထုငွေနှင့် သင်္ကန်းများ ထည့်ဝင်လှူဒါန်းလိုပါက သိမ်ကုန်းကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုးတက်များပြားလာသော အသင်းဝင်များ အရည်အချင်း၊ အရည်အသွေး ပြည့်ဝလာစေရေးကြိုးပမ်း ဒေသဖွံ့ဖြိုးရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူနှင့် ဂန့်ဂေါ ခရိုင် အသင်းများမှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မကွေးတိုင်း အတွင်းရှိ မြို့နယ်အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှင်းလင်းမှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် အတူ မကွေးတိုင်း စီမံကိန်းဦးစီးရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းမှာကြားသည်။

အသင်းဝင်အဆိုပြုလွှာပေး

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပွင့်ဖြူမြို့နယ် ကန်သာကြီးကျေးရွာ အထက ကျောင်း ခွဲ၌ ကျင်းပသော အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနား၌ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ သန်းကျော်တွင် ၂၃ သန်းကျော်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြောင်း၊ မကွေးတိုင်းတွင် လူဦးရေ ငါးသန်းကျော်ရှိသည့်အနက် နှစ်သန်း သုံးသိန်းကျော်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ ဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုးတက်များပြားလာသည့် အသင်းဝင်များကို အရေအတွက်မှအရည်အချင်း၊ အရည်အသွေးများ ပြည့်ဝလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသား ပြည်သူများ၏ အကျိုးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ပိုမိုဆောင်ရွက်ကြရန်မှာကြားသည်။

လက်ခံ

ထို့နောက် ပွင့်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ကံသာကြီး ကျေးရွာအုပ်စုမှအသင်းဝင်အဆိုပြုလွှာ စောင်ရေ ၂၀၀၀ ကို ပေးအပ်ရာ ဝန်ကြီးက လက်ခံရယူသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ ဝန်ကြီးသည်ဆိပ်ဖြူမြို့သို့ရောက်ရှိပြီး ဆိပ်ဖြူမြို့နယ်နှင့် ချောက်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တင်ပြချက်များ အပေါ် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အမှာစကား

ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာသည် တာဝန်ရှိသူများ လိုက်ပါလျက် မြင်းခြံမြို့သို့ သွားရောက်ပြီး မြင်းခြံခရိုင် စီမံကိန်း ဦးစီးရုံးတွင် စီမံကိန်းရုံး တာဝန်ခံနှင့် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်မြို့နယ်များမှ စီမံကိန်းရုံး တာဝန်ခံများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ပံ့ပိုး

ယင်းနောက် ခရိုင်နှင့်မြို့နယ် စီမံကိန်းရုံး တာဝန်ခံများက လုပ်ငန်းခွင်လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများ အရည်အသွေးမြင့်မားစွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုး ပေးသည်။

(သတင်းစဉ်)

✱ *ကျောဖုံးမှ*

ဖော်ထုတ်စိုက်ပျိုး

ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့မှ ဘားအံ-အိန္ဒူ-ကော့ကရိတ် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ကော့ကရိတ်-နဘူး ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြကာ လမ်းဘေးဝဲယာ၌ မြေယာဖော်ထုတ်စိုက်ပျိုးထားသော ရော်ဘာခြံငယ်များ၊ မိုးစပါးစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် နဘူး-ထို့ကော်ကိုးလမ်းကို ကတ္တရာ ခင်းကျင်းမှု၊ အမာခံ ကျောက်ခင်း ပြီးစီးမှု အခြေအနေများကိုကြည့်ရှု စစ်ဆေးပြီး ထို့ကော်ကိုးကျေးရွာသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ယင်းကျေးရွာရှိ စုဝေးခန်းမ၌ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များအား ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်က ထို့ကော်ကိုးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ရေပေးဝေရေးအတွက် စီမံထားရှိမှုအခြေအနေ၊ ၅၀ ကေဗွီအေ မီးစက်ဖြင့် လျှပ်စစ်မီးပေးနေမှုအခြေအနေ၊ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းကျောင်းခွဲကို အခြေခံပညာ အလယ်တန်းကျောင်းခွဲ အဖြစ် အဆင့်တိုးမြှင့်၍ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၄ပေရှိ ကျောင်းဆောင်သစ်နှင့် ကျောင်းသုံးပရိဘောဂများ စီစဉ်ဆောင်ရွက်ထားမှု အခြေအနေ၊ဆေးပေးခန်း၊ သားဖွားခန်း အဆောက်အအုံကို အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေ အုတ်ညှပ်သွပ်မိုးအဖြစ်တည်ဆောက်ထားရှိပြီး လက်ထောက်ကျန်းမာရေးမှူး တစ်ဦးနှင့် သားဖွားဆရာမတစ်ဦးတို့အား ခန့်ထားဆောင်ရွက်ပေးနေမှု အခြေအနေ၊ နဘူး-ထို့ကော်ကိုးလမ်း ခြောက်မိုင်ခြောက်ဖာလုံကို၊ သုံးမိုင်ငါးဖာလုံ ကတ္တရာခင်းခြင်း၊ အမာခံ ကျောက်ခင်းပြီး ခြောက်မိုင် နှစ်ဖာလုံနှင့် ကျန်ရှိနေသော လေးဖာလုံကို ဆက်လက်ဆောင်ရွက်နေမှု အခြေအနေ၊ ထို့ကော်ကိုး-ကျော်ခိုလမ်းဖောက်လုပ်ရန်လျာထားမှု၊ ၁၂မိုင်ကို လေးမိုင် လေးဖာလုံခွဲ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေ၊ စပါးစိုက်ပျိုးရန် ရေနက်ကွင်းများတွင် မိုးကြိုကြဲခင်း စနစ်ဖြင့်၁၁၂ဧက၊ ရေတော်မိုးတော်ဧက ၃၀တွင် ဆင်းသွယ်လတ်မျိုး ၁၀ဧကနှင့်ရေကျနောက်စိုက် စိုက်ပျိုးရန် ၁၇၈ ဧက စီစဉ်ထားရှိပြီးမှုနှင့် ရော်ဘာစိုက်ပျိုးရန် ဧက ၁၀၀လျာထားခဲ့ပြီး ၄၂ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ရော်ဘာပင်ကြား တွင် ခေါက်ဒင်စပါး ၁၂ဧက၊ ဥကန်စွန်း ငါးဧကနှင့် မိုးနှမ်း လေးဧက စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက နဘူး-ထို့ကော်ကိုးလမ်းကို ရေကျော်ခြင်း မဖြစ်စေရန် လိုအပ်သည်များကို စီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအားမှာကြားပြီးထို့ကော်ကိုးဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း စီမံဖြည့်ဆည်းပေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထို့ကော်ကိုးဒေသအတွက် ဆန်၊ အဝတ်အထည်၊ စာအုပ်နှင့် စာရေးကိရိယာများကို ထို့ကော်ကိုးဒေသမှ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ဦးစောလယ်မူး၊ ဦးထောလေး၊ ဦးရင်နု၊ ဦးမောင်ကျော်နှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ထို့ကော်ကိုးကျေးရွာရှိ အိုင်ပီစတားတယ်လီဖုန်း တပ်ဆင်ထားရှိမှု၊ တိုင်းရင်းသားများ၏ နေအိမ်များ၊ ဝင်းသူဇာအရောင်းဆိုင်၊ ဆေးပေးခန်းနှင့် သားဖွားခန်း၊ စာကြည့်တိုက်နှင့် ဆံသဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် နဘူး-ကော့ကရိတ် လမ်းတစ်လျှောက်၌ လမ်းဘေးဝဲ ယာရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများ၊ မိုးစပါးစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော့ကရိတ်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ကော့ကရိတ်ခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များအား သစ်ပင်ပျိုးပင်များ ပေးအပ်သည်။

ပျိုးပင်များပေးအပ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များအားလည်းကောင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မြို့နယ်ရဲတပ်ဖွဲ့၊ ကော့ကရိတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပညာရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များအား သစ်ပင်ပျိုးပင်များကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကျွန်းပျိုးပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပျဉ်းကတိုးပျိုးပင်နှင့် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ပိတောက်ပျိုးပင်တို့ကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း သစ်ပင်ပျိုးပင်များကို စိုက်ပျိုးကြသည်။

ရင်းရင်းနှီးနှီးအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်တွင် ပါဝင်စိုက်ပျိုးကြသော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင် အပါအဝင် သစ်ပင် ၁၀၈၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ရှိ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀) ဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအဆောက် အအုံ မြေညီထပ်၌ ဟုမ်းတောက်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးချန်စိန်က ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံ ဆောက်လုပ်ခြင်း လုပ်ငန်းအားလုံး၏ ၉၅ ဒသမ ၆၁ ရာခိုင်နှုန်း ပြီးစီးမှု အခြေအနေ၊ ပြင်ပလုပ်ငန်းများဖြစ်သည့် ဆေးရုံရှေ့မြေကာကျောက်စီလုပ်ငန်း ၈၀ ရာခိုင်နှုန်း၊ ရေမြောင်းနှင့်ပလက်ဖောင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်း၊ ၁၄ လက်မအကျယ်လမ်းလုပ်ငန်း ၄၀ ရာခိုင်နှုန်း၊ လူ ၁၀၀ ဆံ့မိလ္လာကန်လုပ်ငန်း ၉၀ ရာခိုင်နှုန်းနှင့် ကြွေပြားခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေများကို လည်းကောင်း၊ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးနောင်က လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးရုံအဆောက်အအုံကို စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများကို တိကျမှန်ကန်စွာ တည်ဆောက်ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဆေးရုံအဆောက်အအုံ တည်ဆောက်ပြီးစီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား စက်ရုံအစည်းအဝေးခန်းမ၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနဆီချောဆီသန့် စက်ရုံပုံစံငယ်၊ တနင်္သာရီတိုင်းအတွင်း ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်း စိုက်ပျိုးထားမှုအခြေအနေ၊ ကော့သောင်းဆီအုန်းခြံအတွင်းရှိ တစ်နာရီ တန် ၃၀ မှ တန် ၆၀ ကျ ဆီကြမ်းစက်ရုံ တည်ဆောက်ထားမှုနှင့် ထုတ်လုပ်မှုအခြေအနေ၊ သာကေတမြို့နယ်ရှိ ဆီချောဆီသန့်စက်ရုံ၏ ဆီကြမ်း၊ ဆီချော(စားအုန်းဆီ)၊ ဆပ်ပြာဆီ (PFAD)နှင့် ဆီခဲ(မုန့်ဖုတ်လုပ်ငန်းသုံးဆီ)ထုတ်လုပ်မှုအခြေအနေ၊ စက်ရုံ၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ပိုမိုအောင်မြင်လာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သွင်းကုန်အစားထိုးနိုင်ရေးအတွက် စားအုန်းဆီချောကို စဉ်ဆက်မပြတ် ထုတ်လုပ်သွားရန်လိုကြောင်း၊ တနင်္သာရီတိုင်းမှ ဆီကြမ်းများကို သယ်ယူရာတွင် မိမိတို့ဆီယာဉ်(Tan-Ker)ဖြင့် မသယ်နိုင်ပါက အခက်အခဲမရှိစေရေးအတွက် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ လာမည့်နှစ်များတွင် ယခုထက်ပိုမို၍ စားအုန်းဆီ ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိပြီး စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများအပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စားအုန်းဆီကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် အမြဲမပြတ် စစ်ဆေးကြပ်မတ်ရန် အထူးအရေးကြီးကြောင်း၊ ကုန်ပစ္စည်းအရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်ခြင်းဖြင့် ဈေးကွက်၌ ပိုမိုတွင်ကျယ် အောင်မြင်လာမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် စက်ရုံဧည့်ခန်းမ၌ ခင်းကျင်းပြသထားသည့် ယုဇနကုမ္ပဏီလီမိတက်က ထုတ်လုပ်သော ဟင်းသီးဟင်းရွက်ဆီနှင့် စားအုန်းဆီနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်းရှိ သံပုံးထုတ်လုပ်မှု၊ကုန်ပစ္စည်းထုပ်ပိုးမှု၊ ဆီချောသိုလှောင်ကန်များနှင့် စားအုန်းဆီသန့်ချက်လုပ်မှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဆီချောဆီသန့်စက်ရုံကို ၂၀၀၆ ခုနှစ် ဇွန် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဇူလိုင်လမှ စတင်၍ စားအုန်းဆီသန့် လစဉ်တန် ၅၀၀ မှ တန် ၁၀၀၀ အတွင်း ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်တီဝိပဿနာ ဝါတွင်းကာလတရားပွဲ

ရန်ကုန် ဇူလိုင် ၁၇

မွန်ပြည်နယ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ဂဏဝါစက) မော်လမြိုင်မြို့ မောင်ငံရပ် ပရိယတ္တိပညာရာမကျောင်း စာသင်တိုက် လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ခွဲ (မော်လမြိုင်)တို့၏ ပဓာနနာယက လယ်တီဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ၊ အစိုးရဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တရာဇိန္ဒသည် လယ်တီဝိပဿနာ အဖွဲ့ခွဲ၏ တည်ရာပရိယတ္တိပညာရာမကျောင်းတိုက်အတွင်းရှိ 'သာသနဝုမိုကရ' ဓမ္မာရုံတော်ကြီးတွင် ၁၃၆၉ ခုနှစ် ဒုတိယဝါ ဆိုလပြည့်နေမှစ၍ ဝါတွင်းသုံးလပတ် လုံး သီတင်းနေ့တိုင်း မွန်းတည့် ၁၂နာရီမှစ၍ ညနေ ၅နာရီအထိ လယ်တီဝိပဿနာ တရားတော်များကို ဟောပြောပြသမည် ဖြစ်ရာ မည်သူမဆို လာရောက်၍ တရားနာယူအားထုတ်နိုင်ကြောင်းသိရသည်။

(က-ပ)

အားလုံး၏ ၉၅ ဒသမ ၆၁ ရာခိုင်နှုန်း ...

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်အောင်မြို့နယ် အသင်း(ရန်ကုန်)အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး မြန်အောင်မြို့နယ်အသင်းတာဝန်ရှိသူများနှင့်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်အောင်မြို့နယ် အသင်း (ရန်ကုန်)ရုံးသို့ သွားရောက်၍ မြို့နယ်အသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များကို တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် အသင်းဥက္ကဋ္ဌ ဦးအေးကိုကိုက အသင်းစတင်တည်ထောင်ဖွဲ့စည်းခဲ့ပုံ၊ အသင်းဝင် အင်အား၊ အသင်းရန်ပုံငွေ အခြေအနေ မြန်အောင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အသင်းမှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကူညီစောင့်ရှောက်မှု ပေးနေမှုများ၊ ရန်ကုန်မြို့ရှိ အသင်းဝင် မြန်အောင်မြို့နယ်သူ၊ မြို့နယ်သားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် ဆောင်ရွက်ပေးခဲ့မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနေဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အသင်းအနေဖြင့်လည်း အသင်းဝင်များတစ်ဦးချင်း သာရေး၊ နာရေး၊ လူမှုရေးကိစ္စများ အပါအဝင် မြို့နယ်အတွက် အကျိုးပြုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေး၊ အသင်း ဝင်ဦးရေ တိုးပွားရေး၊ အသင်းရန်ပုံငွေ တိုးတက်ရှာဖွေရေး ကိစ္စများ ဖြည့်စွက် ဆွေးနွေးပြီး မြို့နယ်အသင်းဥက္ကဋ္ဌ ဦးအေးကိုကိုထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဈေးဓမ္မာရုံ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

မင်္ဂလာဈေးသံဃာ့ဒါနဆွမ်းလောင်းအသင်းမှ ဇူလိုင်၂၂ရက်တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည် ဖြစ်ရာ အကြိုတရားပွဲအဖြစ် ဇူလိုင် ၂၁ရက်(စနေနေ့)တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ(ရေစကြို ဆရာတော်)ကလည်းကောင်း၊ ဝါတွင်းဆွမ်းလောင်းပွဲအကြို အဖိတ်နေ့တရားပွဲအဖြစ် ဇူလိုင်၂၈ရက်(စနေနေ့)တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားများ မင်္ဂလာဈေးဓမ္မာရုံ ဗဟန်းကြားတောရလမ်း၌ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်၊ ကိုးဦးသေဆုံး

နယူးဒေလီ ဇူလိုင် ၁၇

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာ ပြည်နယ်တွင် ဇူလိုင် ၁၇ရက်က မိုးသည်းထန်းစွာရွာသွန်းပြီး ရေလွှမ်းမှုကြောင့် လူကိုးဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပျက်စီးဆုံးရှုံး

ရေလွှမ်းမှုမှာ ကီရာလာပြည်နယ် မြောက်ပိုင်းအရပ်ဒေသများ၌ အဆိုးရွားဆုံးဖြစ်ပြီး ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးကာ မော်တော်ကားလမ်းများ ရေလွှမ်းနေမှုကြောင့် ခရီးသွားလာရေး ပြတ်တောက်လျက်ရှိကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

တရုတ်၌မိုးသက်မုန်တိုင်းကျရောက်၊ လေဆိပ်၌ခရီးသည်များသောင်တင်

ချုံကျင်း ဇူလိုင် ၁၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြို့တွင် ဇူလိုင် ၁၇ရက်က မိုးသည်းထန်းစွာရွာသွန်းပြီး မိုးသက်မုန်တိုင်းများကျရောက်သဖြင့် ချုံကျင်းမြို့ရှိ ကျန်ဘေအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ခရီးစဉ် ၂၄၀ခန့် ဖျက်သိမ်းခဲ့ရသည်။

အဆိုပါလေဆိပ်၌ ခရီးသည် ၅၀၀၀ ခန့် သောင်တင်နေခဲ့ပြီး ခရီးသွားလာမှု နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း၊ မိုးသက်မုန်တိုင်းများ ဆက်လက်ကျရောက်လျက်ရှိကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးပါတော့မယ်။ ဒီတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး ပေါ်လာတော့မယ်ပေါ့။ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို တစ်နိုင်ငံလုံးက အုန်းအုန်းကျွက်ကျွက် (National Referendum) နည်းနဲ့ အတည်ပြုပြီးတဲ့အဆုံးမှာတော့– အဲဒီဥပဒေအရ ပါတီတွေဖွဲ့ကြ၊ ရွေးချယ်တင်မြှောက်ပွဲတွေ လုပ်ကြနဲ့ ... ဒီမိုကရေစီယန္တရားကြီး ဇကေန်လာတော့မှာပါ။ ဒီနောက်တော့ အနာဂတ် **'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး'** ကို အဲဒီ ဥပဒေကြီးနဲ့အညီ အုပ်ချုပ်သွားတော့မှာပေါ့။ ဥပဒေနဲ့အညီ အုပ်ချုပ်ပြီဆိုမှတော့ အမှားအယွင်း၊ အတိမ်းအစောင်းတွေ နည်းသွားမှာအမှန်ပါ။

ယူတတ်ရင် ရမှာပါ

ဆရာ...
(တောင်တွ...

သမိုင်းကို မသုံးသပ်၊ ဥပဒေကို မျက်ကွယ်ပြု၊ မှုကိုမကြည့်၊ လူကိုသာ ကြည့်တတ်တဲ့ အမြင်ကျဉ်းမြောင်းမှုတွေ...လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတတွေနဲ့ ရင်းပြီးမှရမယ့် ဒီမိုကရေစီဟာ ဘယ်လိုမှ နောက်ကျော မလုံနိုင်ပါဘူး။

(Substantive political reforms would be necessary before sanctions could be lifted) 'စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းဖို့က လက်တွေ့ကျတဲ့ နိုင်ငံရေးပြုပြင်မှုတွေလုပ်ဆောင်ဖို့လိုတယ်' လို့ အဲဒီ စီးပွားရေးပိတ်ဆို့ထားတဲ့ နိုင်ငံကြီးတွေက ဖိအားပေးထားတယ်။ **ဒီတော့– ဒီမိုကရေစီယန္တရားကြီး တကယ်လည်ပတ်ပြီဆိုရင် စီးပွားရေးပိတ်ဆို့မှုတွေရုပ်သွားပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ဒလဟောဝင်လာရတော့မှာပေါ့။ ဒီတော့ လူငယ်တွေအတွက် လုပ်ငန်းခွင်တွေ ပေါ်မှပေါ့၊ နည်းပညာတွေလည်း အတောမသတ်စီးလာတော့မှာပါ။ ဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ချိတ်ဆက်ပြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ မှိုလိုပေါက်လာမယ်။ လုပ်ငန်းခွင်တွေနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် ပညာရေးစနစ်တွေ ပြဋ္ဌာန်းကြတော့မယ်။ လူငယ်တွေ ပညာသင်ရတာ အရမ်းတက်ကြွလာမယ်။ နည်းပညာနောက် အပြိုင်အဆိုင် အလုအယက် လိုက်ကြရတော့မှာကိုး။ အရင်းအနှီးနဲ့ နည်းပညာက ကမ္ဘာကို ကိုင်လှုပ်နေတယ် ဆိုတာကိုတော့ အားလုံးလက်ခံကြမှာပါ။**

ဒီတော့ ဘယ်သူက ဦးဆောင်ရေးဆွဲသည်ဖြစ်စေ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးက ရလာမယ့် ရလဒ်တွေ၊ အကျိုးအာနိသင်တွေကို မကြိုဆိုထိုက်ပေဘူးလား။ အီလည်လည်နဲ့ မွန်းကျပ်နေကြတဲ့အခြေအနေက အမြန်ဆုံးလွန်မြောက်ဖို့သာ အဓိကလို့ ခံယူသင့်ကြပါပြီ။ "မှု" ကိုသာ အာရုံထားသင့်ကြပါပြီ။ မှုကိုမကြည့်...၊ လူကိုကြည့်တတ်လွန်းလို့ မှားခဲ့ပေါင်း ...၊ လမ်းကြောင်းတိမ်းစောင်းခဲ့ပေါင်းလည်း များလှပါပြီ။

အနာဂတ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးရဲ့ ဒီမိုကရေစီ ယန္တရားကြီးထဲမှာ တပ်မတော်က (၂၅)ရာခိုင်နှုန်းပါမှာပါ။ လက်ရှိတပ်မတော်အစိုးရရဲ့ ၁၀၀ရာခိုင်နှုန်း ဦးဆောင်မှုအောက်မှာတောင် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ အသီးအပွင့်တွေကို ကိုယ်စီဆွတ်ခူးစားသုံးပြီး အနာဂတ်အတွက် မျှော်လင့်ချက်ကိုယ်စီနဲ့ အဓိပ္ပာယ်ရှိရှိ နေခဲ့ကြပြီပဲဟာ။ ဒီတော့ (၂၅)ရာခိုင်နှုန်းဆိုတာကို ဘာလို့ဈေးဆစ်နေမလဲ။ တကယ်တော့ တပ်မတော်ဆိုတာမပါရင် သမိုင်းကိုရေးလို့မရဘူး။ မြန်မာ့နိုင်ငံရေးဆိုတာက မကွဲရမပြဲရရင် "မောင်မနေတတ်ဘူး" ဆိုတဲ့လောက။ ကွဲတိုင်းပြဲတိုင်းလည်း တပ်မတော်နည်းနဲ့ ပြန်စေ့ယူရတာ သမိုင်း တစ်လျှောက်လုံးရဲ့ အစဉ်အလာ။ ၁၉၅၈ခုနှစ်ကို ပြန်ကြည့်လိုက်လေ။ အဲဒီတုန်းက ဒီမိုကရေစီစနစ်ပါပဲ။ ဖဆပလတွေ မထိန်းနိုင်မသိမ်းနိုင် ကွဲကြပြဲကြ၊ အာဏာငမ်းငမ်းတက် အချင်းချင်း အပုပ်ချကြ... အကွဲအပြဲရောဂါကြီး တစ်နိုင်ငံလုံး ကူးစက်... နောက်ဆုံး တပ်ကိုပါ အန္တရာယ်လုပ်သည်အထိ နိုင်ငံရေးမုန်တိုင်းကြီး ထဖူးတာပြန်ကြည့်။ ဝန်ကြီးချုပ်လုပ်သူက "လုပ်ပါဦး" ဆိုပြီး နိုင်ငံတော်ကို တပ်မတော်လက်ထဲ ၁၈လကြာအောင် အပ်ခဲ့ရတယ်မဟုတ်လား။ တပ်မတော်က အခြေအနေတွေကို ပြန်ထိန်းပြီး "ကဲ–ရပြီ၊ ပြန်ယူတော့" တဲ့။ တရားမျှတတဲ့ရွေးကောက်ပွဲနဲ့ အဲဒီ ဝန်ကြီးချုပ်လက်ထဲ နိုင်ငံတော်ကို ပြန်အပ်လိုက်ပါတယ်။

ဘယ်လောက်ကြာလိုက်လို့လဲ...၊ပြည်နယ်တွေအများကြီးက ခွဲထွက်မယ်လုပ်ကုန်တော့တာပဲ၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အခွင့်အရေးအရတော့ တောင်းတာပါပဲ။ ဒါပေမယ့် ခွဲထွက်မယ့် ပြည်နယ်တွေကို ကိုလိုနီနယ်ချဲ့တွေက အမျိုးမျိုး မက်လုံးတွေပေးပြီး သွေးခွဲနေလိုက်ကြတာများ တကယ် ကြက်သီးထလောက်တယ်။ နောက်ပြီး နယ်စပ်တွေမှာက လူမျိုးစု သူပုန်တွေ ပြည့်လို့။ နိုင်ငံအတွင်းပိုင်း ရိုးမတောင်ကြားတွေမှာ ကွန်မြူနစ်တွေက အခြေပြုပြီး နောက်ကြောကို ဓားနဲ့ ထောက်လို့။ ဒီ'ဟက်တက်'ကွဲ ဇာတ်လမ်းစုံကပဲ ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံရေး ဇာတ်သိမ်းခန်းဆီ ဖရိုဖရဲဒရွတ်တိုက်ဆွဲခေါ်သွားတော့တာပါပဲ။ ဒီအခြေအနေ ဆိုးကြီးတွေကြောင့် တပ်မတော်က လက်မတင်ကလေး ဝင်ရောက် ထိန်းသိမ်းလိုက်ရတာပဲမို့လား။ အဲဒီတုန်းကတော့ ...'တော်ပါသေးရဲ့ မောင်မင်းကြီးသား ကယ်ပေလို့' တဲ့။

တပ်မတော်ကို ကျောထောက်နောက်ခံထားတဲ့ ၂၆နှစ်ကြာ 'မဆလ' ခေတ်နှောင်းမှာ စီးပွားရေးချွတ်ခြုံကျသွားတော့ 'သင်း–တရားခံ' တဲ့။ တရားခံက လူလား–မှုလား။ 'မူဝါဒ' မှားသွားတာမို့လား။ အဲဒီမူဝါဒမှားသွားတာက ကိုယ့်တစ်နိုင်ငံတည်းမှ မဟုတ်တာ။ တပ်မတော်က အာဏာသိမ်းခဲ့ရတဲ့ (၁၉၆၂)ဝန်းကျင်မှာ 'ဆိုရှယ်လစ်စနစ်' ဆိုတာ အလွန်ရေပန်းစားပေတာကိုး။ 'ဆိုရှယ်လစ်စနစ်' ကို လက်မခံရင်ဘဲ အသည်းနှလုံး မရှိသလိုလို။ အဲဒီတော့ ဒီမိုကရေစီစနစ်ကြောင့် တစ်နိုင်ငံလုံး အကွဲအပြဲဖြစ်ရတယ်ဆိုပြီး ဆိုရှယ်လစ်လိုက်ကြတာပဲလေ။ ကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံအားလုံး အငတ်ဆိုက်ကုန်တော့မှ 'မှားပြီဟ' ဖြစ်ကုန်ကြတာပါ။ ဒီတော့လည်း တစ်ကျော့ပြန် ဒီမိုကရေစီလိုက်ကြရုံပဲပေါ့။

အမှန်က အာဃာတတွေ၊ ဇာတိပုည ဂုဏ်မာနတွေသာ ရှေ့တန်းမတင်ကြဘူးဆိုရင် ဒီမိုကရေစီက ရနေလောက်ပါပြီ။ ခုတော့ ဒီမိုကရေစီအနံ့လေးရရုံရှိသေး အစွယ်ငေါငေါတွေ ထွက်ခဲ့ကြတယ်။ ၉၀ပြည့်နှစ် ရွေးကောက်ပွဲပြီးခါစမှာပါ ...၊ ဒါတွေဟာ...စနစ်တစ်ခုကနေ စနစ်တစ်ခု အကူးအပြောင်းမှာ ဖြစ်တတ်တဲ့ လူ့သဘာဝလို့ ဆိုချင်ဆိုနိုင်ပေမယ့် ယုံကြည်မှုတွေ ပျက်ပြားသွားတာကတော့ တိုင်းပြည် အလွန်နစ်နာပါတယ်။ တပ်မတော်အစိုးရရဲ့ ဘယ်လောက်ကောင်းတဲ့ လုပ်ရပ်ကိုပဲဖြစ်ဖြစ် လူပိန်းကြိုက် စကားလုံးတွေနဲ့ ရယ်သွမ်းတွေ သွေးပစ်ကြ၊ ရစရာမရှိအောင် အပြစ်ထောက်ပြကြ၊ တပ်မတော်ကို (Reform) ပြန်လုပ်ပစ်ရမယ်ဆိုတဲ့ စကားလုံးမျိုး အထိသုံးပြီး ခြိမ်းခြောက်ကြ...နဲ့ 'အမျိုးသားရင်ကြားစေ့ရေး' ကို အဆင်ခြင်ကင်းမဲ့စွာဖျက်ဆီးပစ်ခဲ့ကြတယ်။ ယုံကြည်မှုတွေ ပျက်သုဉ်းကုန်မှတော့ ဒီမိုကရေစီလမ်းကြောင်းက ချောမွေ့နိုင်ပါတော့မလား။ ဒီမိုကရေစီအင်အားစုတွေအနေနဲ့ 'အလွန်အမြင်ကျယ်စွာ' အမျိုးသားရင်ကြားစေ့ပေးနိုင်ရမှာပါ။ 'တပ်မတော် မပြိုကွဲရေး' ဆိုတာကိုလည်း ထိပ်ဆုံးကထား စဉ်းစားရမှာပါ။ ၁၉၄...

တပ်မတော်ထဲမှာ တပ်ရင်းအချို့ စိတ်ဝ...
ဖူးတဲ့အဖြစ်ကို ပြန်ကြည့်ပြီး သင်ခန်းစာယူ...

အဲဒီ ၁၉၄၈ခုနှစ် ဝန်းကျင်ဟာ(ပထမ...
ဒီမိုကရေစီ ကာလပဲမို့လား။ ဝါဒစွဲပြင်းထ...
မတူမှုတွေအပေါ် အခြေခံပြီး ကွန်မြူနစ်...

နှစ်ပေါင်း၆၀လေ...
ဘာကောင်းသေးလို့လဲ...
အမျိုးသားပြန်လည်စ...
ကို အခြေတည်ပြီး ...
မဖြစ်စလောက် ကျန်...
ခွပ်နေရတာကို ဘေးက...
နေကြတာ၊ နိုင်ငံတော်...
ကုန်နေရတာ ဘယ်လေ...

တပ်ရင်းအချို့ပါသွားတယ်လေ။ တောခို...
နားကိုက်၊ အဖျက်လုပ်ငန်းတွေ လုပ်ကုန်ေ...
တွေတောင်း၊ ရွာတွေ မီးရှို့၊ ရထားမိုင်း...
သတ်ဖြတ်...၊ မကြားဝံ့ မနာသာတွေ...။ ...
တရုတ်ဖြူဆိုတာတွေကပါ ဝင်လာပြန်ေ...
ကရော။ နောက်တော့– ဘိန်းဖြူဆိုတာကြီး...

မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီတဲ့ အမျိုးသားနိုင်ငံ...

ဒီမိုကရေစီအရေးကို ကိုင်တွယ်ရာမှာ အတော်အမြင်ကျယ်မှရမှာပါ။ ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကို ရှေ့တန်းတင်... ဒီသမိုင်းပေးတာဝန်ကြီးကို တကယ်ယူနိုင်စွမ်းမရှိဘဲ၊ စွန့်လွှတ်အနစ်နာမခံတတ်တဲ့ သဘောထားတွေနဲ့ ထပ်ပြီး ဒီမိုကရေစီ... ဖဆပလခေတ်တုန်းကလိုပဲ သမိုင်းတစ်ကျော့ ပြန်လာဦးမှာပါ။ ခဏခဏလည်း တပ်ကဝင်ထိန်းနေရဦးမှာပါ။ ဒီတော့ ဒီ... တဝဲလည်လည်ဖြစ်မနေရအောင် အမျိုးသားရင်ကြားစေ့ရေးဆိုတာကိုလည်း အပြောနဲ့မဟုတ် လက်တွေ့ပြသရာရောက်အောင် အစကဝ... ဒီမိုကရေစီယန္တရားကြီးထဲမှာ တပ်မတော်က(၂၅)ရာခိုင်နှုန်းပါနေရင် အကောင်းဆုံးပဲမို့လား။ ဒါဟာ အလွန်လက်တွေ့ကျတဲ့ အား... ရမယ့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီတဲ့ အမျိုးသားနိုင်ငံရေးပါပဲ။

ဆရာစိုး (တောင်တွင်းကြီး)

ထိပ်ဆုံးကထား စဉ်းစားရမှာပါ။ ၁၉၄၈ခုနှစ် ဖဆပလခေတ် တပ်မတော်ထဲမှာ တပ်ရင်းအချို့ စိတ်ဝမ်းကွဲပြားမှု ဖြစ်သွားခဲ့ဖူးတဲ့အဖြစ်ကို ပြန်ကြည့်ပြီး သင်ခန်းစာယူတတ်ဖို့ကောင်းတာပေါ့။

အဲဒီ ၁၉၄၈ခုနှစ် ဝန်းကျင်ဟာ(ပထမဦးဆုံး ပေါ်ပေါက်ခဲ့တဲ့) ဒီမိုကရေစီ ကာလပဲမို့လား။ ဝါဒစွဲပြင်းထန်မှု၊ နိုင်ငံရေးအယူအဆ မတူမှုတွေအပေါ် အခြေခံပြီး ကွန်မြူနစ်တွေ တောခိုကုန်တော့

နှစ်ပေါင်း၆၀လောက်ရှိနေပြီ။ အချင်းချင်း သတ်ပုတ်နေရတာ ဘာကောင်းသေးလို့လဲ။ အဲဒီမီးကို တပ်မတော်အစိုးရ လက်ထက်မှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုတဲ့ စေတနာမှန်တဲ့ လုပ်ရပ်ကို အခြေတည်ပြီး ငြိမ်းနိုင်ခဲ့ပြီဆိုပေမယ့် ခုထိ မီးကြွင်းမီးကျန်တွေ မဖြစ်စလောက် ကျန်နေသေးတာ လူတိုင်းသိပါတယ်။ အိမ်ကြက်ချင်း ခွပ်နေရတာကို ဘေးကအားရဝမ်းသာ လက်ခုပ်ဝိုင်းတီးပြီး အမြတ်ထုတ်နေကြတာ၊ နိုင်ငံတော်တိုးတက်ရေးထက် ကိုယ်ချင်းသတ်ရင်း အချိန်ကုန်နေရတာ ဘယ်လောက်ရှက်စရာကောင်းလဲ။

တပ်ရင်းအချို့ပါသွားတယ်လေ။ တောခိုပြီဆိုမှတော့ ပါးကိုက်–နားကိုက်၊ အဖျက်လုပ်ငန်းတွေ လုပ်ကုန်တော့တာပေါ့။ ဆက်ကြေးတွေတောင်း၊ ရွာတွေ မီးရှို့၊ ရထားမိုင်းခွဲ၊ တိုင်းရင်းသားချင်း သတ်ဖြတ်...၊ မကြားဝံ့ မနာသာတွေ...။ ရောင်စုံ သူပုန်တွေကြားမှာ တရုတ်ဖြူဆိုတာတွေကပါ ဝင်လာပြန်တော့ သွက်သွက်ကိုလည်ကရော။ နောက်တော့– ဘိန်းဖြူဆိုတာကြီးပါ ပေါ်လာတာပါပဲ...။

ကျောက်မျက်၊ သတ္တု၊ သစ် ခိုးလိုက်သမှ... ပြုတ်ပြုတ်များတောင် ပြုန်းကုန်ပလား မသိတော့ဘူး။ နောက်ဆုံးတော့ 'ဒုက္ခသည်စခန်း' ဆိုတဲ့ မတော်တရော် နာမည်သုံးပြီး ကြားခံနယ်မြေ (Buffer Zone) နဲ့ နိုင်ငံရေးလုပ်ကြံတာ ခံနေရပြီမို့လား။ မှိုင်းအမျိုးမျိုးတိုက်ပြီး အိုးမဲသုတ်တာကို မရှုမလှ လိုမ့်ခံနေရတာ... စိတ်ဝမ်းကွဲပြားမှုရဲ့ အကျိုးဆက် မဟုတ်လို့ ဘာလဲ။ **နှစ်ပေါင်း၆၀လောက်ရှိနေပြီ။ အချင်းချင်း သတ်ပုတ်နေရတာ ဘာကောင်းသေးလို့လဲ။ အဲဒီမီးကို တပ်မတော် အစိုးရလက်ထက်မှာ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဆိုတဲ့ စေတနာမှန်တဲ့လုပ်ရပ်ကို အခြေတည်ပြီး ငြိမ်းနိုင်ခဲ့ပြီ ဆိုပေမယ့် ခုထိ မီးကြွင်းမီးကျန်တွေ မဖြစ်စလောက် ကျန်နေသေးတာ လူတိုင်းသိပါတယ်။ အိမ်ကြက်ချင်း ခွပ်နေရတာကို ဘေးကအားရဝမ်းသာ လက်ခုပ်ဝိုင်းတီးပြီး အမြတ်ထုတ်နေကြတာ၊ နိုင်ငံတော်တိုးတက်ရေးထက် ကိုယ်ချင်းသတ်ရင်း အချိန်ကုန်နေရတာ– ဘယ်လောက် ရှက်စရာကောင်းလဲ။** ဒီအနိဋ္ဌာရုံကြီးဟာ နိုင်ငံရေးခေါင်းဆောင် (Political Leaders) ဆိုသူတွေရဲ့ အာဃာတ၊ ဇာတိပုည၊ ဂုဏ်မာနနဲ့ အမြင်မကျယ်မှုကြောင့် ရလာတဲ့ အမွေဆိုးကြီးပါ။

အဲဒီလိုမျိုးတပ်ထဲမှာ စိတ်ဝမ်းကွဲမှုမျိုးတွေ ထပ်ဖြစ်အောင် ၈၈–အရေးအခင်းကာလမှာကတည်းက ဒီမိုကရေစီခေါင်းဆောင်တွေ အကြီးအကျယ် လုပ်ခဲ့ကြတယ်နော်။ အတိတ်က အမှားမျိုးကို ထပ်လုပ်ဖို့ တာစူလိုက်ကြသေးတာ။ **သမိုင်းကို မသုံးသပ်၊ ဥပဒေကို မျက်ကွယ်ပြု၊ မူကိုမကြည့်၊ လူကိုသာကြည့်တတ်တဲ့ အမြင်ကျဉ်းမြောင်းမှုတွေ...လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတတွေနဲ့ ရင်းပြီးမှရမယ့် ဒီမိုကရေစီဟာ ဘယ်လိုမှ နောက်ကျောမလုံနိုင်ပါဘူး။ ဒါ့အပြင် နယ်စပ်ကြားခံနယ်မြေကြီး ပိုထူလာပြီး ဗရုတ်သုတ်ခ နိုင်ငံရေးဆူနာမီအောက်မှာ တိုင်းပြည်ပါ ပျောက်ရှုရှိတော့မှာပါ။**

ဒါကြောင့် **ဒီမိုကရေစီအရေးကို ကိုင်တွယ်ရာမှာ အတော်အမြင်ကျယ်မှ ရမှာပါ။ ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကို ရှေ့တန်းတင်မှ ရမှာပါ။ ဒီသမိုင်းပေးတာဝန်ကြီးကို တကယ်ယူနိုင်စွမ်းမရှိဘဲ၊ စွန့်လွှတ်အနစ်နာ'မခံတတ်တဲ့' သဘောထားတွေနဲ့ ထပ်ပြီး ဒီမိုကရေစီကြရင်တော့ ဖဆပလခေတ်တုန်းကလိုပဲ သမိုင်းတစ်ကျော့ ပြန်လာဦးမှာပါ။ ခဏခဏလည်း တပ်ကဝင်ထိန်းနေရဦးမှာပါ။ ဒီတော့ ဒီသံသရာထဲ တဝဲလည်လည် ဖြစ်မနေရအောင် အမျိုးသားရင်ကြားစေ့ရေးဆိုတာကိုလည်း အပြောနဲ့မဟုတ် လက်တွေ့ပြသရာရောက်အောင် အစကတည်းကကို ဒီမိုကရေစီယန္တရားကြီးထဲမှာ တပ်မတော်က(၂၅)ရာခိုင်နှုန်းပါနေရင် အကောင်းဆုံးပဲ မို့လား။ ဒါဟာ အလွန်လက်တွေ့ကျတဲ့ အားလုံးစိတ်ချရမယ့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီတဲ့ အမျိုးသားနိုင်ငံရေးပါပဲ။**

အလွန်သေချာတာကတော့ အာဃာတ ကင်းကင်းရှင်းရှင်းနဲ့ လူပုဂ္ဂိုလ်အစွဲမထားဘဲ တိုင်းရင်းသားအားလုံးနဲ့ တပ်မတော် ယုံယုံကြည်ကြည် လက်တွဲတဲ့နည်းသာလျှင်... ဒီမိုကရေစီလမ်းကြောင်းပေါ်(အမြန်ဆုံး)ရောက်စေမယ့် နည်းလမ်းဖြစ်တယ်–ဆိုတာပါပဲ။

ဒီတော့ (၁၉၄၈–၅၈–၈၈) အမှားတွေကို သံဝေဂယူရင်း ဒီနေ့ကစပြီး **'အားလုံးလက်တွဲပြီးသား'** ဖြစ်နေရင် မကောင်းဘူးလား ...။ ။

အမျိုးသားနိုင်ငံရေး

ားနိုင်ငံရေးကို ရှေ့တန်းတင်မှရမှာပါ။ ွေနဲ့ ထပ်ပြီး ဒီမိုကရေစီကြရင်တော့ နေရဦးမှာပါ။ ဒီတော့ ဒီသံသရာထဲ ပြသရာရောက်အောင် အစကတည်းကကို အလွန်လက်တွေ့ကျတဲ့ အားလုံးစိတ်ချ

ပြည်ထောင်စုပန်းတိုင်

* တောင်လက်ယာ ဇမ္ဗူကျွန်း
ဩဘာနိမိတ် ထွန်းတဲ့ပြည်၊
အောင်တေးသံ အောင်အတိတ်နဲ့
အောင်ဟိတ်ဝေစည်။
ကိုယ့်အရေးပေမို့
ကိုယ်တွေးကာ ညီညာဝိုင်း
သမိုင်းသစ် ရေးခဲ့ပြီ
ကမ္ဘာတည်မည့်မော်ကွန်း၊
မြန်မာ့မြေပုံကိုဖြင့်
အလှဝေထုံ ဂုဏ်ပျံ့မွေးရအောင်
အမျိုးသားမာန် ဇာတိသွေးနဲ့
ရေးဖွဲ့ဖော်ညွှန်း။
* တို့ပြည်ထောင် ညီနောင်ဘွားတို့
အမျိုးသား ညီလာခံ၊
အခြေခံမူနှင့်
အသေးစိတ်မူ မကျန်ရအောင်
နှိုင်းဆစီမံ။
ကိုယ့်မူကိုယ့်စံနှင့်
ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသားတို့
တိုးပွားဖို့ အကြောင်းခံ
အကောင်းမှန်သမျှ ဆောင်နှင်း၊
အချုပ်အခြာအာဏာရဲ့
ခက်မသုံးဖြာ ရပိုင်ခွင့်တွေ
တိုးမြှင့်ကာ ညီတူမျှရအောင်
ပြဋ္ဌာန်း အသက်သွင်း။
* တိုင်းဒေသကြီးရယ်နဲ့
ပြည်နယ်က ခုနစ်ခုစီ၊
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပါတဲ့
တိုင်း/ဒေသ လူမျိုးစုတွေလည်း
သူ့ဆိုင်ရာ အခွင့်အလမ်းနဲ့
ဝမ်းမြောက်ရွှင်ကြည်။
ဖွဲ့စည်းပုံ မသွေမှန်တဲ့
အခြေခံ ဥပဒေသည်
တိုင်းပြည်၏ အသက်သွေး၊
ဒီမိုကရေစီ အနှစ်သာရနဲ့
ပြည့်ဝအောင် မျိုးစေ့ချ
လမ်းပြကူဖေး။
* အမွေခံ ဝန်းကျင်ကောင်းတို့
အသွင်ပြောင်း အခြေတည်၊
လောကပါလ တရားများ
ထွန်းကားစေရည်။
ယခင်ခေတ်တွေထက်
စစ်မှန်ကာ နည်းလမ်းကျ
မျှတမှု အခြေခံသည်
ပြည်ထောင်စု အနာဂတ်လမ်း၊
ဘယ်သူတွေ ဘယ်လိုဖျက်စေတော့
မပျက်ပေါင် ရှေ့ခရီး
နီးအောင်ပင်လှမ်း။
* ညီလာခံ အောင်မြင်ရေး
နောင်အစဉ်တွေးလို့ တွဲလက်ခိုင်၊
တစ်လှေတည်းစီး
တစ်ခရီး အတူသွားလို့
တစ်စီးပွား အတူကြိုး
နီးကြားပိုင်ပိုင်။
ပြည်ထောင်စုပန်းတိုင်
လှမ်းကိုင်ဖို့ လက်တစ်ကမ်း၊
အခြေခံဥပဒေအရေးကိုဖြင့်
ဆွေးနွေးကာ ခေါင်းဆုံဝိုင်းလို့
တို့တိုင်းပြည် ရွှေတစ်ခေတ်အတွက်
အားသစ်ကြစမ်း။ ။

ဇော်မင်းမင်းဦး

ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆု

ဘာသာရပ်ရှစ်မျိုးနှင့်ပန်းချီအနုပညာယှဉ်ပြိုင်ရန်ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၁၇

ထွန်းဖောင်ဒေးရှင်းဘဏ်၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းတစ်ရပ်အဖြစ် ထွန်းဖောင်ဒေးရှင်းစာပေဆုများကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့်ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် စာအုပ်ဆုနှင့် စာမူဆုများကို ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။ စာအုပ်များကို ၂၀၀၆ခုနှစ်အတွင်း ထုတ်ဝေသည့် စာအုပ်များထဲမှ ရွေးချယ်မည်ဖြစ်ပြီး စာမူများကို ပေးပို့ယှဉ်ပြိုင်သော စာမူများထဲမှ ရွေးချယ်မည်ဖြစ်သည်။

တိုးချဲ့သတ်မှတ်

ထွန်းဖောင်ဒေးရှင်းစာပေဆုတွင် စာအုပ်ဆုနှင့် စာမူဆုနှစ်မျိုးလုံး၌ (က) စီးပွားရေးဆိုင်ရာ၊ (ခ) သမိုင်းဆိုင်ရာ၊ (ဂ) အတ္တုပ္ပတ္တိဆိုင်ရာ၊ (ဃ) ကျန်းမာရေးနှင့်ကြံ့ခိုင်သန်စွမ်းရေးဆိုင်ရာ၊ (င) ကလေးနှင့်လူငယ်ဆိုင်ရာ၊ (စ) အင်္ဂလိပ်ဘာသာဖြင့် မြန်မာနိုင်ငံသားတစ်ဦးက ရေးသားပြုစုသောစာအုပ် သို့မဟုတ်စာမူဆိုင်ရာတို့ဖြစ်ပြီး (ဆ) ရှေးဟောင်းစာပေဆိုင်ရာစာပေဆုနှင့် (ဇ) ရည်ညွှန်းစာပေဆိုင်ရာ ဘာသာရပ်တစ်မျိုးလျှင် စာပေဆုနှစ်ဆုကို ယခုနှစ်အတွက်မှစ၍ တိုးချဲ့သတ်မှတ်ထားသည်။

ဘာသာရပ်ရှစ်မျိုးတွင် တစ်မျိုးလျှင် ဆုတစ်ဆုလျာထားသတ်မှတ်ထားသဖြင့် စာအုပ်ဆုရှစ်မျိုးအတွက် ရှစ်ဆုနှင့် စာမူဆုရှစ်မျိုးအတွက် ရှစ်ဆုဖြစ်၍ စုစုပေါင်းဆု၁၆မျိုး ချီးမြှင့်မည်။ စာအုပ်နှင့်စာမူများကို ဘာသာရပ်အလိုက်စိစစ်ရာတွင် ဆုချီးမြှင့်ရန် သတ်မှတ်ချက်မပြည့်မီပါက ဆုချီးမြှင့်မည်မဟုတ်ပေ။

သီးခြားဥာဏ်ပူဇော်ခ

စာအုပ်ဆုအတွက် ရွေးချယ်စိစစ်ရာတွင် ပြီးခဲ့သည့် တစ်နှစ်အတွင်းထုတ်ဝေကြောင်း ပုံနှိပ်ဖော်ပြထားသော စာအုပ်များမှ စိစစ်မည်ဖြစ်၍ စာမူဆုအတွက် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်သောနှစ်တွင် ယှဉ်ပြိုင်ပေးပို့သော စာမူများမှ စိစစ်ချီးမြှင့်မည်။ စာမူများကို မိတ္တူနှစ်စောင်နှင့်အတူ ပေးပို့ရပါမည်။ ဆုရစာမူများအတွက် ထွန်းဖောင်ဒေးရှင်းစာပေကော်မတီမှ စာပေစိစစ်ရေးဌာနသို့ တင်ပြခွင့်ပြုချက်ရယူလျက် စာအုပ်အဖြစ် ထုတ်ဝေပေးရန် စဉ်းစားမည်။ ထုတ်ဝေပေးမည့် စာမူအတွက် သီးခြားဥာဏ်ပူဇော်ခ ချီးမြှင့်မည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုများကို နှစ်စဉ် နှစ်ကုန်ပိုင်းတွင် ချီးမြှင့်မည်ဖြစ်ပြီး ဆုအတွက် တင်သွင်းသော စာအုပ်၊ စာမူများကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ဆုစည်းကမ်း အသေးစိတ်ကို ထွန်းဖောင်ဒေးရှင်းစာပေကော်မတီ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း– ၂၉၁၈၈၁သို့ ဆက်သွယ်ရယူနိုင်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ထို့ပြင် ပန်းချီအနုပညာပြိုင်ပွဲကိုလည်း ကျင်းပပေးမည်ဖြစ်ပြီး ပန်းချီပညာရှင်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။ နှစ်သက်ရာရေးဆွဲနည်းစနစ်နှင့် ဆေးပစ္စည်းများကိုအသုံးပြု၍ နှစ်သက်ရာအကြောင်းအရာကို ရေးဆွဲပြိုင်ပွဲဝင်နိုင်သည်။ ရေးဆွဲသည့် အကြောင်းအရာသည် မိမိကိုယ်ပိုင်အကြောင်းအရာ ဖြစ်ရမည်။ မဂ္ဂဇင်း၊ စာစောင်၊ ပြက္ခဒိန်၊ ပို့စကတ်၊ လက်ကမ်းစာစောင်နှင့် စာအုပ်များမှ ပန်းချီအကြောင်းအရာမဖြစ်စေရ၊ ပန်းချီကားသုံးကားအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

နိုင်ငံတော်၏ မူဝါဒ၊ ဘာသာရေး၊ မြန်မာ့ယဉ်ကျေးမှုနှင့် မဆန့်ကျင်မငြိစွန်းရ၊ ပန်းချီကားများကို ၂၀၀၇ခုနှစ် အောက်တိုဘာ၁၅ရက်နောက်ဆုံးထား၍ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ်သို့ ပေးသွင်းရမည်ဖြစ်ပြီး ဖုန်း–၇၀၄၅၈၆သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၈ခုနှစ်တွင် ကမ္ဘာ့ဈေးကွက်၌ ရေနံဝယ်လိုအား အနည်းငယ်သာတိုးမည်

ပါရီ ဇူလိုင် ၁၇

ကမ္ဘာ့ရေနံဈေးကွက်သည် လာမည့် ၂၀၀၈ ခုနှစ်အနည်းငယ် ကာလအတွင်း အခက်အခဲတစ်စုံ တစ်ရာရှိမည်မဟုတ်ကြောင်း နိုင်ငံတကာ စွမ်းအင်အေဂျင်စီ(အိုင်အီးအေ)က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။

တိုးမြှင့်လျက်ရှိ

၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့ဈေးကွက်၌ ရေနံဝယ်လိုအားမှာ ၂၁သမ ၅ရာခိုင်နှုန်း တိုးတက်လာမည်ဟု အိုင်အီးအေက ခန့်မှန်းထားသည်။ ထို့အတူ ကမ္ဘာ့ရေနံထုတ်လုပ်မှုသည်လည်း တိုးမြှင့်လျက်ရှိနေမည်ဟု ၎င်းတို့က ပြောကြားသည်။

ခန့်မှန်းထား

၂၀၀၇ခုနှစ်အတွက် ရေနံဝယ်လိုအားကို အိုင်အီးအေက အတိအကျမပြောကြားသော်လည်း တစ်နေ့လျှင် ရေနံစည်ပေါင်း ၈၆သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ ၂၀၀၈ ခုနှစ်၌ တစ်နေ့လျှင် ရေနံစည်ကုန်ကျမှုမှာ ၈၈ ဒသမ ၂ သန်းခန့်ရှိမည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့အနီးရှိ ရေနံတူးဖော်ရေးလုပ်ငန်းခွင် တစ်နေရာကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နှစ်နိုင်ငံနယ်စပ်၌ အကြမ်းဖက်မှု တိုက်ဖျက်ရေး အိန္ဒိယနှင့်နီပေါ နှစ်နိုင်ငံ သဘောတူညီမှုရရှိ

ခတ္တမန္ဒူ ဇူလိုင် ၁၇

အိန္ဒိယနှင့် နီပေါနှစ်နိုင်ငံနယ်စပ်၌ အကြမ်းဖက်မှုနှင့်မှုခင်းများအား ချုပ်ငြိမ်းစေရေး အတူတကွပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယနှင့်နီပေါတို့ သဘောတူညီလိုက်ကြကြောင်း နီပေါနိုင်ငံထုတ် သည်ဟီမာလာယမ်တိုင်းမ် သတင်းစာက ဇူလိုင် ၁၄ ရက်၌ ဖော်ပြသည်။

နှစ်နိုင်ငံ ကိုယ်စားလှယ်များက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ နှစ်ရက်ကြာကျင်းပသည့် အစည်းအဝေးတွင် သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲ၌ မိမိတို့နှစ်နိုင်ငံ အနေဖြင့် နယ်စပ်ဒေသတစ်လျှောက် အကြမ်းဖက်မှုနှင့် မှုခင်းများချုပ်ငြိမ်းရေးအတွက် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဟု နီပေါနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဘန်မင်ပရာဆတ်နူပါနီက ပြောကြားသည်။

နီပေါနိုင်ငံတောင်ပိုင်း အိန္ဒိယနှင့် ဆက်စပ်နေသော နယ်စပ်ဒေသများ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားကြမည် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လေကြောင်းကာကွယ်ရေးစနစ်သစ် ဒုံးကျည် ရုရှားက အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

မော်စကို ဇူလိုင် ၁၇

ရုရှားနိုင်ငံ၏ လေကြောင်းကာကွယ်ရေး စနစ်သစ်တစ်ခုအဖြစ် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း ရုရှားအရာရှိတစ်ဦးက ဇူလိုင် ၁၃ရက်၌ ပြောကြားသည်။

အဆိုပါလေကြောင်း ကာကွယ်ရေး စနစ်သစ်အဖြစ် အသုံးပြုမည့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ရုရှားနိုင်ငံ အက်စ်ထရခမ်ဒေသမှ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်များ၌ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ပြောကြား

ထိုစမ်းသပ်ပစ်လွှတ်မှုမှာ အောင်မြင်ခဲ့ကြောင်း၊ ပစ်မှတ်များကို အားလုံးထိမှန်ခဲ့ကြောင်း၊ အဆိုပါလေကြောင်းကာကွယ်ရေးစနစ်ကို မော်စကိုမြို့ အနီးဝန်းကျင်ဒေသများ၌ ဖြန့်ချထားမည်ဖြစ်ကြောင်း ရုရှားလေတပ် အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗော်လ်ဗိုမော်တော်ကား

ဆွီဒင်နိုင်ငံ ဂိုတေဘာ့ဂ်မြို့ရှိ ဗော်လ်ဗိုမော်တော်ကား ထုတ်လုပ်သည့် စက်ရုံလုပ်ငန်းခွင်ကို ဇူလိုင်၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်အာရှဒေသများ၌ ထောင်စုနှစ်ရည်မှန်းချက်အောင်မြင်ရေး ဖင့်နွှေး

ခတ္တမန္ဒူ ဇူလိုင် ၁၇

တောင်အာရှနိုင်ငံများတွင် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်မှုရရှိရန် ဖင့်နွှေးနေကြောင်း၊ တောင်အာရှဒေသ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထားကြောင်း နီပေါသတင်းဌာန အာအက်စ်အက်စ်က ဇူလိုင် ၁၄ရက်၌ ဖော်ပြသည်။

တောင်အာရှဒေသနိုင်ငံများ၌ သောက်သုံးရေ သန့်ရှင်းဖူလုံစွာရရှိရေး၊ ရေဆိုးနှင့်စွန့်ပစ် ပစ္စည်း ရှင်းလင်းရေးစနစ်များကောင်းမွန်ရေး၊ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူငယ်များ အကျင့်စရိုက်ကောင်းမွန်ရေးတို့တွင် သိသာသော တိုးတက်ဖြစ်ထွန်းမှုများ လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

တောင်အာရှဒေသရှိ ကလေးငယ် ၄၂ သန်းခန့်မှာ ပညာသင်ကြားမှု အခွင့်အလမ်းမရရှိဘဲ ဖြစ်နေရာ တောင်အာရှဒေသတွင် စာတတ်မြောက်မှုနှုန်းထား လျော့နည်းနေလျက်ရှိကြောင်းလည်း ၎င်းအစီရင်ခံစာ၌ ဖော်ပြသည်။

ဆင်းရဲနွမ်းပါး

တောင်အာရှဒေသ၌ ဆင်းရဲနွမ်းပါးမှုအနေအထားကိုကြည့်လျှင် အိန္ဒိယ ၂၁ ရာခိုင်နှုန်း၊ နီပေါ၌ ၂၈ ရာခိုင်နှုန်းနှင့် ပါကစ္စတန်၌ ၆၂ ရာခိုင်နှုန်း ရှိနေသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအဆို အမေရိကန်သမ္မတ အိမ်ဖြူပယ်ချ

ဝါရှင်တန် ဇူလိုင် ၁၇

ယခုနှစ်ကုန်တွင် အီရတ်နိုင်ငံမှ အမေရိကန် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး သမ္မတဘုရှ်အနေဖြင့် စီစဉ်ဆောင်ရွက်ရန် သြဇာတိက္ကမရှိသော ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ်နှစ်ဦး၏ အဆိုပြုချက်ကို အမေရိကန်သမ္မတအိမ်ဖြူက ဇူလိုင် ၁၅ ရက်တွင် ပယ်ချလိုက်သည်။

အီရတ်နိုင်ငံဆိုင်ရာ မဟာဗျူဟာပြောင်းလဲရန် အချိန်လွန်စွာ စောသေးကြောင်း သမ္မတဘုရှ်၏ အမျိုးသားလုံခြုံရေးကောင်စီအကြံပေး စတီဖင်ဟာလီက ပြောကြားသည်။

စောင့်ဆိုင်း

ယင်းကိစ္စအတွက် တစ်စုံတစ်ရာ စဉ်းစားရန်မှာ အီရတ်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး ရိုင်ယင်ခရော့ဘာနှင့် အီရတ်ရှိ အမေရိကန်တပ်မှူး ဗိုလ်မှူးကြီး ဒေးဗစ်ပက်ထရပ်တို့၏ တိုးတက်မှု အစီရင်ခံစာတင်မည့် စက်တင်ဘာလအထိ စောင့်ဆိုင်းရမည်ဖြစ်ကြောင်း စတီဖင်ဟာလီက ပြောကြားသည်။

ထည့်သွင်း

ထို့အပြင် အမေရိကန်တပ်ဖွဲ့ဝင်များ မည်သည့်အချိန် ရုပ်သိမ်းသွားသည်ဖြစ်စေ အီရတ်ကလုံခြုံရေးအစားထိုး တာဝန်ယူရန် အသင့်ရှိသည်ဆိုသော အီရတ်ဝန်ကြီးချုပ် အယ်မာလီကီ ဝေဖန်ပြောကြားချက်၏ လေးနက်မှုကိုလည်း စတီဖင်ဟာလီက လျှော့ချလိုက်သည်။ ရည်မှန်းချက်တူညီသော်လည်း တကယ့်တကယ်တွင် အီရတ်၌ စစ်လက်နက်ပစ္စည်းများ လိုအပ်ပြီး အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရန်လည်း လိုအပ်သေးသည်ဟု ထည့်သွင်းပြောကြားသည်။ အမ်အင်အန်အေ၊ဆင်ဟွာ

အီရန်ကမ်းလွန်၌ ကုန်တင်သင်္ဘောနစ်မြုပ် ၁၃ဦးပျောက်ဆုံးနေ

တီဟီရန် ဇူလိုင် ၁၇

အီရန်နိုင်ငံ ကမ်းလွန်တွင် ဇူလိုင် ၁၅ရက်က တောင်ကိုရီးယား ကုန်တင်သင်္ဘောတစ်စီးနစ်မြုပ်ခဲ့ရာ သင်္ဘောသား ၁၃ဦးပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

နစ်မြုပ်

ထိုကုန်တင်သင်္ဘောမှာ တရုတ်မှ အီရန်နိုင်ငံသို့ သံများ တင်ဆောင်လာသော ကုန်တင်သင်္ဘောဖြစ်ပြီး သင်္ဘောပေါ်၌ စုစုပေါင်း ၂၃ ဦးပါရှိသည်။ အဆိုပါသင်္ဘောတွင် လိုက်ပါလာသော သင်္ဘောသားများမှာ ချီလီနှစ်ဦး၊ ဖိလစ်ပိုင် ၁၃ဦးနှင့် တောင်ကိုရီးယား ရှစ်ဦးတို့ဖြစ်သည်။ ထိုသင်္ဘောမှာ သင်္ဘောကိုယ်ထည်မှ ရေများစိမ့်ဝင်ပြီး နစ်မြုပ်ခဲ့ရခြင်း ဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ အာမီးလ် ပြည်နယ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးသွန်းဘုရား ဂေါပကအဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၇

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး ဂေါပကအဖွဲ့၏ (၉၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပင့်သံဃာ၂၅ ပါးတို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း–၅၄၁၆၈၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကင်းပဋ္ဌာနိကာယ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော် ဆဋ္ဌသင်္ဂါယနာ ပိဋကတ်ကျောက်စာတော်များ တည်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်တွင် ယခုနှစ်ဝါဆိုတော်မူကြမည့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)အမှူးရှိသော စာချစာသင် အရှင်မြတ် ၃၀၆ပါးတို့အား "ကာလေနဒါနံ ဒေတိ–ကာလခေါ်ဆိုဝါဆို ရည်မှန်းမြတ်သင်္ကန်းကားရည်တိုင်းသာလျှင် ဂုဏ်ရည်ပြည့်ဖြိုး ကောင်းကျိုးချမ်းသာ၊ ပြည့်စုံပါသည်မှန်စွာ စေတနာရှင်တို့ ပြုရန်တည်း" ဟူသော ဒေသနာတော်နှင့်အညီ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ဇူလိုင် ၃၀ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ပဋ္ဌာနိကာယ ဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ရန်နှင့် ကုသိုလ်ပါဝင်လိုသူများ သင်္ကန်းဒွိစုံ ကျပ် ၃၀၀၀၊ ထီး၊ ဖိနပ် ကျပ် ၅၀၀ နှုန်းဖြင့် အကျိုးဆောင်များ ပဋ္ဌာနိကာယသာသနာ့နုဂ္ဂဟအဖွဲ့ ကန်ဘဲ့ဘူတာရုံလမ်း ရန်ကင်းမြို့နယ် ဖုန်း–၅၆၄၄၅၅၊ ၅၆၄၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ယှဉ်ပြိုင်ကစားမည်

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် (ကက) အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ စတင်ကျင်းပ စက်မှု(၁)နှင့် နယ်စပ်/စည်ပင် သရေကစား

နေပြည်တော် ဇူလိုင် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ စတင်ကျင်းပသည်။

ပျဉ်းမနားမြို့

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄ နာရီ (ကက)အုပ်စု

စက်မှု(၁)	**သုံးဂိုး။**
နယ်စပ်/စည်ပင်	**သုံးဂိုး။**

ကြည့်ရှုအားပေး

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်းအမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပွဲ

ဇူလိုင် ၁၈ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ကက) အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲများကို ဩဂုတ် ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်သို့ ၁၆သင်းတက်ရောက်

ရန်ကုန် ဇူလိုင် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇွန် ၂၅ရက်မှစတင်၍ကျင်းပခဲ့ရာ ဇူလိုင် ၁၅ရက်တွင် ပထမအဆင့် အုပ်စုပွဲစဉ်များ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

၃၅ သင်းပါဝင်

ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ၃၅သင်း ပါဝင်ယှဉ်ပြိုင်ရာ အုပ်စုရှစ်စုခွဲ၍ ပထမအဆင့်အုပ်စုပွဲစဉ်များ ကျင်းပခဲ့သည်။ ပထမအဆင့်အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်စုမှ အုပ်စုပထမနှင့် ဒုတိယရရှိသောအသင်းများ စုစုပေါင်း ၁၆သင်း ဒုတိယအဆင့်သို့ တက်ရောက်လာနိုင်ကြသည်။

ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် စက်မှု (၂)အသင်း၊ ပို့ဆောင်ရေးအသင်း၊ သိပ္ပံနှင့်နည်းပညာအသင်း၊ လူဝင်မှုကြီးကြပ်ရေးအသင်း၊ သတ္တုတွင်းအသင်း၊ ဝန်ထမ်းရွေးချယ်ရေးအသင်း၊ နိုင်ငံခြားရေးအသင်း၊ ပြည်ထဲရေးအသင်း၊ သာသနာရေးအသင်း၊ စွမ်းအင်အသင်း၊ ဟိုတယ်/ခရီးအသင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားအသင်း၊ ကျန်းမာရေးအသင်း၊ ရှေ့နေချုပ်ရုံးအသင်း၊ စီမံ/စီးပွားအသင်း၊ တရားရုံးချုပ်အသင်း၊ လယ်ယာ/ဆည်မြောင်းအသင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ပြိုင်ပွဲမှ ထွက်သွားရသည်။

အုပ်စု(က)တွင် စက်မှု(၁)အသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့်ပထမ၊ သမဝါယမအသင်းက နှစ်ပွဲနိုင်တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဒုတိယရရှိသည်။

အုပ်စု (ခ)တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းအသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် ပထမ၊ သစ်တောရေးရာအသင်းက တစ်ပွဲနိုင် နှစ်ပွဲသရေ ငါးမှတ်ဖြင့် ဒုတိယရရှိသည်။

ဂိုးကွာခြားချက်

အုပ်စု(ဂ)တွင် စီးပွား/ကူးသန်းအသင်းက နှစ်ပွဲနိုင်တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် ပထမ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေခုနစ်မှတ်ဖြင့် ဒုတိယရရှိသည်။ ဂိုးကွာခြားချက်အရ စီးပွား/ကူးသန်းအသင်း ပထမရရှိခြင်းဖြစ်သည်။

အုပ်စု(ဃ)တွင် ဘဏ္ဍာ/အခွန်အသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် ပထမ၊ နယ်စပ်/စည်ပင်အသင်းက တစ်ပွဲနိုင်နှစ်ပွဲရှုံး သုံးမှတ်ဖြင့် ဒုတိယရရှိသည်။ နိုင်ငံခြားရေးအသင်းနှင့် ပြည်ထဲရေးအသင်းတို့ သုံးမှတ်စီရရှိကြသော်လည်း ဂိုးကွာခြားချက်အရ ပြိုင်ပွဲမှ ထွက်သွားရခြင်းဖြစ်သည်။

ပထမ

အုပ်စု(င)တွင် ပြန်ကြားရေးအသင်းက သုံးပွဲနိုင် တစ်ပွဲသရေ ၁၀မှတ်ဖြင့် ပထမ၊ ကာကွယ်ရေးအသင်းက သုံးပွဲနိုင် တစ်ပွဲရှုံး ကိုးမှတ်ဖြင့် ဒုတိယရရှိသည်။

အုပ်စု(စ)တွင် အားကစားအသင်းက လေးပွဲနိုင် ၁၂မှတ်ဖြင့် ပထမ၊ လူမှုဝန်ထမ်းအသင်းက သုံးပွဲနိုင် တစ်ပွဲရှုံးကိုးမှတ်ဖြင့် ဒုတိယရရှိသည်။

အုပ်စု(ဆ)တွင် ပညာရေးအသင်းက သုံးပွဲနိုင်ကိုးမှတ်ဖြင့် ပထမ၊ ယဉ်ကျေးမှုအသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံးခြောက်မှတ်ဖြင့် ဒုတိယရရှိသည်။

သုံးပွဲနိုင်

အုပ်စု(ဇ)တွင် အလုပ်သမားအသင်းက သုံးပွဲနိုင် တစ်ပွဲသရေ ၁၀မှတ်ဖြင့် ပထမ၊ ရထားအသင်းက သုံးပွဲနိုင် တစ်ပွဲသရေ ၁၀မှတ်ဖြင့် ဒုတိယရရှိသည်။ အလုပ်သမား အသင်းက ဂိုးကွာခြားချက်အရ ပထမ ရရှိခြင်းဖြစ်သည်။

ဒုတိယအဆင့်သို့ တက်ရောက်လာသော ၁၆သင်းကို လေးသင်းစီပါဝင်သော အုပ်စုလေးစုခွဲ၍ ပတ်လည်အမှတ်ပေးပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အုပ်စုတစ်စုစီမှ ပထမနှင့် ဒုတိယရရှိသောအသင်းများ ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်သည်။

ပွဲစဉ်များရေးဆွဲ

ဒုတိယအဆင့် အုပ်စုပွဲစဉ်များရေးဆွဲထားရာ **(ကက)အုပ်စုတွင် စက်မှု(၁) အသင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းအသင်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းအသင်းနှင့် နယ်စပ်စည်ပင်အသင်းတို့ ပါဝင်ကြသည်။**

(ခခ)အုပ်စုတွင် စီးပွား/ကူးသန်းအသင်း၊ ဘဏ္ဍာ/အခွန်အသင်း၊ သမဝါယမအသင်းနှင့် သစ်တောရေးရာအသင်းတို့ ပါဝင်ကြသည်။

(ဂဂ)အုပ်စုတွင် ပြန်ကြားရေးအသင်း၊ အားကစားအသင်း၊ ယဉ်ကျေးမှုအသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့ ပါဝင်ကြသည်။

(ဃဃ)အုပ်စုတွင် ပညာရေးအသင်း၊ အလုပ်သမားအသင်း၊ ကာကွယ်ရေးအသင်းနှင့် လူမှုဝန်ထမ်းအသင်းတို့ ပါဝင်ကြသည်။

ကွာတားဖိုင်နယ်

ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၇ရက်မှ ဩဂုတ် ၁၁ရက်အထိ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ်၁၄ရက်မှ ၁၇ရက်အထိ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၂၀ရက်နှင့် ၂၁ ရက်တို့တွင် နေပြည်တော်အားကစားကွင်း(၁)၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲကို ဩဂုတ် ၂၃ ရက်တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက်တွင် နေပြည်တော်အားကစားကွင်း(၁)၌ ကျင်းပမည်ဖြစ်သည်။

ယနေ့ပွဲ

ဇူလိုင် ၁၈ရက် **(ယနေ့)**တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ကက)အုပ်စုမှ မွေးမြူရေးနှင့်ရေလုပ်ငန်းအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး – ကိုထွေး

ကော်ပိုရိတ် အုပ်ချုပ်မှုစနစ် ဟောပြောမည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေးပညာအသိပေး ဟောပြောပွဲများကို စနေတစ်ပတ်ခြား တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိရာ ဇူလိုင်လ ဒုတိယပတ် ဟောပြောပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် Yangon Directory ကူညီပံ့ပိုးမှုဖြင့် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင် လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာတင်လတ်(Mat Collece) က ကော်ပိုရိတ် အုပ်ချုပ်မှုစနစ် Coprate Governance ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ မည်သူမဆို အခမဲ့ တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ရွှေဥမင်ဓမ္မသုခတောရရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ကုန်းတလပေါင်းစံပြကျေးရွာရှိ ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီး၏ ပဥ္စမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) ဒုတိယဝါဆိုလပြည့်နေ့ နံနက် ၈ နာရီခွဲ၌ ကျင်းပမည်ဖြစ်ရာ ဓမ္မဒူတ အရှင်ဆေကိန္ဒက တရားဒေသနာများဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က–ပ)**

မုံရွာအပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မုံရွာဂေါက်ကလပ်တို့က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ပံ့ပိုးပေးသော MONYWA AMATEUR OPEN ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မုံရွာမြို့ရှိ မုံရွာဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးသွင်း

ယင်းပြိုင်ပွဲကို အတန်းသုံးတန်းခွဲ၍ ရွှေအဆင့်၊ ငွေအဆင့်နှင့် ကြေးအဆင့်ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများသည် ဇူလိုင် ၂၆ ရက် နောက်ဆုံးထား၍ ဦးထွန်းရှင် (အတွင်းရေးမှူး) ဖုန်း ၀၉–၂၁၃၀၄၀၁၊ ဗိုလ်မှူးမျိုးဟန် ဖုန်း ၀၉–၂၁၃၀၃၄၅နှင့် မုံရွာဂေါက်ကလပ် ဖုန်း ၀၇၁–၂၁၅၅၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ

ရီးရဲမက်ဒရစ်၏အိပ်မက်များကို ဆာဗီရိုလာ ဖော်ဆောင်နိုင်မည်လား

မက်ဒရစ် ဇူလိုင် ၁၇

လက်ရှိလာလီဂါဖလားချန်ပီယံ ရီးရဲမက်ဒရစ်သည် လာမည့်ဘောလုံးရာသီ၌ ချန်ပီယံကာကွယ်ရေးအတွက် လိုအပ်သော ဘောလုံးသမားများကို အပူတပြင်း ရှာဖွေဖြည့်ဆည်းလျက်ရှိရာ ယခုအခါ အာဂျင်တီးနားနှင့် ဘာစီလိုနာ တိုက်စစ်မှူး ဆာဗီရိုလာအား ခေါ်ယူလိုက်ပြီဖြစ်သည်။

ရီးရဲမက်ဒရစ်နည်းပြသစ် ဘန်းရှူးစတားသည် အသင်း အောင်မြင်မှုများ ရရှိရေးတွင် နာမည်ကြီးထိပ်တန်းဘောလုံး သမားများကို ခေါ်ယူရေးထက် ခြေစွမ်းထက်မြက်ပြီး အသင်းနှင့်အံဝင်ခွင်ကျရှိသည့် လူငယ်ဘောလုံးသမားများကိုသာ ဦးစားပေး ရွေးချယ်ခေါ်ယူသွားမည်ဟု ဆိုနေသည်။

သဘောတူ

ထို့ကြောင့် အသက် ၂၅ နှစ်အရွယ်ရှိ အာဂျင်တီးနားနှင့် ဘာစီလိုနာတိုက်စစ်မှူး ဆာဗီရိုလာအား ခေါ်ယူရန် ဘန်းရှူး စတား ကြိုးစားခဲ့ရာ ဘာစီလိုနာနှင့်သဘောတူညီမှု ရရှိခဲ့ပြီး ယခုကဲ့သို့ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပြောင်းရွှေ့

အာဂျင်တီးနားတိုက်စစ်မှူး ဆာဗီရိုလာသည် ၂၀၀၁ ခုနှစ်ကဘာစီလိုနာ အသင်းသို့ စတင်ရောက်ရှိခဲ့ပြီး ဘာစီလိုနာအသင်းမှာ ပုံမှန်ကစားခွင့် မရခဲ့သည့် တိုက်စစ်မှူး တစ်ဦးဖြစ်သည်။ ဘာစီလိုနာ၌ ခြောက်နှစ်တာ ကစား ခဲ့ပြီးနောက် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကစားရန် သဘော တူညီခဲ့ခြင်းလည်း ဖြစ်သည်။

ရောက်ရှိလာ

၂၀၀၁ခုနှစ်က ရေဗားပလိတ်မှ ဘာစီလိုနာသို့ ပြောင်းရွှေ့ခဲ့စဉ်က ပြောင်းရွှေ့ကြေးမှာပေါင်၂၈သန်းဖြင့် တန်ဖိုးမြင့်စွာ ရောက်ရှိလာခဲ့သော ဆာဗီရိုလာသည် ယခု အခါ ရီးရဲမက်ဒရစ်သို့ အလွတ်ပြောင်းရွှေ့မှုဖြင့် ရောက်ရှိ လာခဲ့သူ ဖြစ်သည်။

အကြိမ်ကြိမ်ကြိုးစား

ဘာစီလိုနာအသင်းသို့ ရောက်ရှိခါစ နှစ်များတွင် အသက်၁၉နှစ် အရွယ်သာရှိသေးသော်လည်း ပုံမှန်ပွဲထွက် ကစားခွင့်ရရှိခဲ့သော ဆာဗီရိုလာသည် ၂၀၀၃ခုနှစ်က ဘာစီ လိုနာ နည်းပြသစ်ဖြစ်လာသော ဖရန့်ရစ်ကတ်လက်ထက်၌မူ ပုံမှန်ကစားခွင့် မရရှိခဲ့သဖြင့် အသင်းပြောင်းရွှေ့ကစားရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။

ဆုံးဖြတ်

ဆာဗီရိုလာသည် မိုနာကိုအသင်းနှင့် ဆီဗီလာအသင်း များသို့လည်း အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့သူ ဖြစ်သည်။ ဘာစီလိုနာတွင် အီတူး၊ ရော်နယ်ဒင်ဟို၊ ဂတ်ဂျွန်ဆင်၊ ဂူလီ၊ ဆန်တို့စ်တို့အပြင် ယခု အွန်နရီလည်း ထပ်မံ ရောက်ရှိလာသဖြင့် ပုံမှန်ကစားခွင့်ရရန် အခြေအနေ မပေးတော့သည်ဖြစ်ရာ ရီးရဲမက်ဒရစ်သို့ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ခြောက်ပွဲသာ

ဆာဗီရိုလာသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီ၌ ဘာစီ လိုနာအတွက် စုစုပေါင်းငါးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထိုသို့ ငါးဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းမှာလည်း လာလီဂါ၌ စုစုပေါင်း ခြောက်ပွဲသာ ပါဝင်ကစားခဲ့ရ၍ ဖြစ်သည်။

သွင်းယူပေးနိုင်

ဆာဗီရိုလာအနေဖြင့် ဘာစီလိုနာသို့ စတင်ရောက်ရှိ ခဲ့သည့် ၂၀၀၁-၂၀၀၂ဘောလုံးရာသီ၌ ဘာစီလိုနာအတွက် လာလီဂါပွဲစဉ် ၃၆ပွဲ ကစားပေးခဲ့ပြီး ၁၇ဂိုး သွင်းယူပေး နိုင်ခဲ့သလို ချန်ပီယံလိဂ်၌လည်း ခုနစ်ပွဲကစားပေးပြီး လေးဂိုး သွင်းယူနိုင်ခဲ့သည်။

ကစားပေးခဲ့

ထို့အတူ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ ဘာစီလိုနာ အတွက် လာလီဂါပွဲစဉ်၂၉ပွဲ ကစားပေးခဲ့ပြီး ၁၃ဂိုးသွင်းယူ

ရီးရဲမက်ဒရစ်သို့ ရောက်ရှိလာသည့် အာဂျင်တီးနား နှင့် ဘာစီလိုနာတိုက်စစ်မှူး ဆာဗီရိုလာ။
(ဓာတ်ပုံ-အင်တာနက်)

ပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်ပွဲစဉ် ၁၂ပွဲကစားပေးခဲ့ပြီး ခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ခြေစွမ်းပြ

၂၀၀၃-၂၀၀၄ဘောလုံးရာသီ၌ ဘာစီလိုနာအတွက် လာလီဂါပွဲစဉ် ၂၈ပွဲကစားပေးခဲ့ပြီး ၁၄ဂိုးသွင်းပေးနိုင် ခဲ့သလို ယူအီးအက်ဖ်အေဖလားပွဲစဉ် ခြောက်ပွဲတွင် သုံးဂိုး သွင်းပေးနိုင်ခဲ့သဖြင့် ပုံမှန်ခြေစွမ်းပြနိုင်သောတိုက်စစ်မှူး တစ်ဦးဖြစ်သည်။

သွားရောက်

၂၀၀၄-၂၀၀၅နှင့်၂၀၀၅-၂၀၀၆ဘောလုံးရာသီများ၌ မိုနာကိုနှင့် အက်ဖ်စီဆီဗီလာအသင်းများသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာ၌လည်း မိုနာကိုအသင်းအတွက် ၁၁ဂိုးနှင့် အက်ဖ်စီဆီဗီလာအသင်းအတွက် ၁၄ဂိုးသွင်းယူ ပေးကာ တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်ကြောင်း ပြသခဲ့သည်။

တိုက်စစ်မှူးကောင်း

ဆာဗီရိုလာသည် တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း အဆုံးသတ် ဂိုးသွင်းမှု အကောင်းဆုံး ဘောလုံးသမား တစ်ဦးဖြစ်သလို ထက်မြက်သည့် တိုက်စစ်မှူးကောင်း တစ်ဦးဖြစ်ကြောင်း ရီးရဲမက်ဒရစ်နည်းပြ ဘန်းရှူးစတားက ပြောကြားသည်။

နောက်ဆုံးအဆင့်

ရီးရဲမက်ဒရစ် တိုက်စစ်အတွက် ဆာဗီရိုလာကို ခေါ်ယူနိုင်ခြင်းသည်အကောင်းဆုံး လုပ်ရပ်တစ်ခုဖြစ်ကြောင်း ဘန်းရှူးစတားက ဆိုနေရာ ရီးရဲမက်ဒရစ်သို့ လေးနှစ်စာချုပ် ဖြင့် ရောက်ရှိလာသော ဆာဗီရိုလာနှင့် ရီးရဲမက်ဒရစ် တို့၏ အပေးအယူတည့်မှုကို လာမည့်ဘောလုံးရာသီ၌ စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

စုစည်းတင်ပြသူ - မြင့်မောင်စိုး

မန်ယူကွင်းလယ်ကစားသမားရစ်ချက်ဆင် ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့

လန်ဒန် ဇူလိုင် ၁၇

အင်္ဂလန်နှင့်မန်ယူကွင်းလယ်ကစားသမား ရစ်ချက်ဆင် သည် မန်ယူမှ ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့ကစား တော့မည်ဖြစ်ကြောင်း ဆန်းဒါးလန်းကလပ်က ပြောကြား သည်။

သေချာ

မန်ယူနှင့် ဆန်းဒါးလန်းအသင်းတို့ အပြီးသတ် ဆွေး နွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ရာ ရစ်ချက်ဆင်ဆန်းဒါးလန်းသို့ ရောက်ရှိရန် သေချာသွားပြီဖြစ်သည်။

ဆန်းဒါးလန်း၌ ဆေးစစ်မှုလည်း အောင်မြင်ခဲ့ရာ အသက်၂၂နှစ်အရွယ်ရှိ ရစ်ချက်ဆင်သည် ဆန်းဒါးလန်းနှင့် လေးနှစ် စာချုပ်ချုပ်ဆိုမည် ဖြစ်သည်။

ပြောင်းရွှေ့

ရစ်ချက်ဆင်သည် မန်ယူအသင်းက ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ် ကစားသမား အသစ်များ ခေါ်ယူဖြည့်ဆည်းခဲ့မှုကြောင့် ပုံမှန်ကစားခွင့်ရရန် ယခုကဲ့သို့ အသင်းပြောင်းရွှေ့ ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဆန်းဒါးလန်းရောက် ရစ်ချက်ဆင်။
(ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို လာမည့်ရာသီတွင် အဓိကကစားသမားဖြစ်လာမည်ဆို

လန်ဒန် ဇူလိုင် ၁၇

တိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် လာမည့်ရာသီ၌ ချယ်လ်ဆီးအသင်း၏ အဓိကကစားသမား ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက အခိုင်အမာ ပြောကြားလိုက်သည်။

လေးဂိုးသွင်း

အသက် ၃၀ ရှိ ယူကရိန်း တိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် အေစီမီလန်မှ ချယ်လ်ဆီးသို့ ပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့ခဲ့သည့် ပထမဆုံးရာသီတွင် ပရီမီယာလိဂ်၌ လေးဂိုးသာ သွင်းယူပြနိုင်ခဲ့သည်။

ခြေစွမ်းပြနိုင်မည်

သို့သော်လည်း လာမည့်ရာသီတွင် အသင်းနှင့် အံဝင်ခွင်ကျ ပို၍ရှိလာမှုကြောင့် ခြေစွမ်းပြ ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

လာမည့်ရာသီ၌ ချယ်လ်ဆီး တိုက်စစ်တွင် အဓိက တိုက်စစ်မှူးဖြစ်လာနိုင်သည့် ရှက်ဗ်ချင်ကို။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါတိုက်စစ်မှူးနှင့် ဒရော့ဘာတို့အတွဲသည် ချယ်လ်ဆီးတိုက်စစ်ကို အဓိကဦးဆောင်လိမ့်မည်ဟု ဆိုသည်။

မျက်နှာသာမပေး

သို့ရာတွင် ၎င်းအား မျက်နှာသာပေးလိမ့်မည်မဟုတ်ကြောင်း၊ ကစားသမားတိုင်းသည် ပထမပွဲဦးထွက် အသင်းစာရင်း၌ပါဝင်ကစားရန် အခွင့်အလမ်းရှိကြောင်း၊ ကြိုးစားသည့် ကစားသမားသည် ပုံမှန်နေရာရလိမ့်မည်ဖြစ်ကြောင်း မော်ရင်ဟိုက အခိုင်အမာပြောကြားသည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

- ✳ **ဝက်စ်ဟမ်းတိုက်စစ်မှူး ဟာရီဝုဒ်အား အက်စတွန်ဗီလာအသင်းက သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန်သဘောတူညီလိုက်ပြီဖြစ်သည်။**
- ✳ တယ်ရီနှင့်လမ်းပတ်တို့အား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က ပြောကြားလိုက်သည်။
- ✳ **ဗြိတိသျှ လိုက်ဝိတ်ချန်ပီယံ ဂျွန်သာတန်က ဓနသဟာယ လိုက်ဝိတ် ချန်ပီယံ အမီရာခန်အား ထိုးသတ်ရန်စိန်ခေါ်လိုက်သည်။**

(အင်တာနက်)

မန်ယူက အရခေါ်ယူရန် ကြိုးစားနေသည့် ဝက်စ်ဟမ်း တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်။
(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အား မန်ယူကအရခေါ်ယူရန် ကြိုးစား

လန်ဒန် ဇူလိုင် ၁၇

တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အား အမြဲအရခေါ်ယူစာချုပ်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း မန်ယူအမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂေးလ်က ပြောကြားသည်။

အဆိုပါ ကစားသမားစာချုပ်ရေးကိစ္စမှာ မန်ယူနှင့် ဝက်စ်ဟမ်းတို့အကြား လုပ်ဆောင်ရမည့် ကိစ္စသာဖြစ်ကြောင်း၊ အခြားစီးပွားရေးသမားများကိစ္စမဟုတ်ကြောင်း ၎င်းကပြောကြားသည်။

ပြောင်းရွှေ့ဖွယ်ရှိ

တီဗက်ဇ်အား ယခုသီတင်းပတ်တွင် မန်ယူက ခေါ်ယူဆေးစစ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဖြင့်လည်း ၎င်းအရာရှိချုပ်က ဆက်လက်ပြောကြားသည်။ တီဗက်ဇ်သည် ပြီးခဲ့သောရာသီက ဝက်စ်ဟမ်းအသင်းအား တန်းဆင်းဇုန်မှလွတ်မြောက်ရန် အဓိကစွမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် မန်ယူသို့ ပေါင်သန်း၃၀ ဖြင့် ပြောင်းရွှေ့ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

(အင်တာနက်)

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုမွန်လွှာ

နှိုင်းဆ၍မရသောချစ်ခြင်းမေတ္တာ စေတနာတို့ဖြင့် ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သော ချစ်ဖေဖေ **ဗိုလ်မှူးချစ်ဆွေ**(ငြိမ်း) [ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ/မြေယာ]- ချစ်မေမေ **ဒေါ်ခင်ငွေးအောင်**တို့၏ ၁၈-၇-၂၀၀၇ ရက်တွင် ကျရောက်သော ပုလဲရတုမင်္ဂလာ ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာချမ်းမြေ့စွာဖြင့် လောကီလောကုတ္တရာ အကျိုးများကို အတူတကွ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - ပြည့်ဖြိုးဆွေ B.E (Civil) [C&S Engineer, Shimizu Corporation, Singapore)နှင့် မလင်းနန္ဒာဟန် B.E (Civil)၊

ချစ်သားငယ် - အောင်ခင်ဇော် (B.C.Sc)။

အလုပ်သမားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
သင်တန်းသားခေါ်ယူခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံသို့ Employment Permit system(EPS) ဖြင့် သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများ EPS-Korea ဘာသာစာမေးပွဲဖြေဆိုနိုင်ရန်အတွက် ကိုရီးယားဘာသာသင်တန်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးမှူးပြီး ၂၅-၇-၂၀၀၇ ရက်မှစ၍ သင်တန်းတစ်ကြိမ်လျှင် ရက်သတ္တပတ် ငါးပတ်ဖြင့် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ ကိုရီးယားဘာသာသင်တန်းကို အောက်ပါအရည်အချင်းရှိသူများတက်ရောက်နိုင်ပါသည်-

(က) အသက်(၁၈)နှစ်မှ (၃၀)နှစ်အရွယ်ရှိ မြန်မာနိုင်ငံသား အမျိုးသားများဖြစ်ရမည်။
(ခ) ကျန်းမာသန်စွမ်းရမည်။
(ဂ) အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း)အောင်မြင်ရမည်။
(ဃ) ပြစ်ဒဏ်ကျခံသူများ မဖြစ်စေရ။
(င) ကိုရီးယားနိုင်ငံမှ နှင်ထုတ်ခံရသူများ မဖြစ်စေရ။

၃။ သင်တန်းတက်ရောက်လိုသူများသည် အောက်ပါအတိုင်းဆက်သွယ်နိုင်သည်။ **ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း) အမှတ် ၂၉၈၊ မြန်နန္ဒာလမ်း၊ ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၅၆၀၃၈၄။**

ဂုဏ်ရည် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မှ

ဗဟန်း(၃)လမ်း၊ အမှတ်(၁၁)တွင် အောက်ပါဆေးများကိုရရှိနိုင်ပါသည်။

အတွင်းအပြင်လိပ်ခေါင်းဆေး၊ သွေးချို၊ ဆီးချိုကျဆေး၊ အဆစ်ရောင်ကိုက်၊ လေးဖက်နာဆေး၊ အဆီပိုခြင်း၊ အဝလွန်ခြင်းများအတွက် အဆီချေဖျက်ပြာဆေး၊ သွေးတိုးကျဆေး၊ ချောင်းဆိုးရောဂါပျောက်ဆေး၊ အဖုအကျိတ်များအတွက် အဖုအကျိတ်ရောဂါသောက်ဆေး၊ အစာအိမ်လေနာပျောက်ဆေးများကို ရရှိနိုင်ပါသည်။

__ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်__
၀၂၁၀ YR ၆၉၁၉၊ ၀၇၀၉ YR ၃၇၅၃၊ ၀၇၀၉ YR ၃၇၅၆၊ ၁၂၀၉ YR ၅၀၅၀
၁၂၀၉ YR ၀၇၇၈၊ ၁၂၀၉ YR ၅၀၁၁၊ ၁၂၀၉ YR ၅၁၁၊ ၁၂၀၉ YR ၅၀၆၀

__ထုတ်လုပ်ခွင့်လိုင်စင်အမှတ်__ - ၁၁/၂၀၀၅၊ တဆထလ/တိုး (၀၂၉၉)

အချိန် ➢ နံနက် ၁၀:၀၀ နာရီ မှ ညနေ ၃:၀၀ နာရီ
နေ့ရက် ➢ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ
ပင်ရင်း ➢ ၈၅/၂၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။
တနင်္ဂနွေနေ့ပိတ်သည်။ ☎ ၀၁-၆၄၁၅၀၁
(အမြို့မြို့ရှိ တိုင်းရင်းဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။)

ဆီမီး ၉၉၀၀ အဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့က (၁၀)ကြိမ်မြောက် အဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါးအား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အင်းစိန်ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၂၄၃၀ နှင့်အထက် လှူဒါန်းထားသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများ အချိန်မီကြွရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

ပြည်နယ်နှင့် တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ရန်ကုန်တိုင်း အမျိုးသားအသင်း အနိုင်ရဗိုလ်စွဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ် အမျိုးသားအသင်းလိုက် အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ အမျိုးသား ပထမအကြိုဗိုလ်လုပွဲတွင် နာမည်ကြီး မွန်ပြည်နယ်အသင်းက မကွေးတိုင်း

"ပြိုင်ပွဲတွင် မိမိတို့ခက်ခက်ခဲခဲယှဉ်ပြိုင်ခဲ့ရသည့် အသင်းမှာ ဗိုလ်လုပွဲ၌ ဆုံတွေ့ခဲ့သည့် ပဲခူးတိုင်းအသင်းပင်ဖြစ်"

တပ်ကြပ်ကြီးမြင့်ရွှေ
ရန်ကုန်တိုင်း အမျိုးသမီးနည်းပြ။

အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ နှစ်ပွဲစီနိုင်ပြီး သရေဖြစ်နေ၍ နောက်ဆုံးအဆုံးအဖြတ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရာ ရန်ကုန်တိုင်းအသင်း အနိုင်ရရှိသွားပြီး သုံးပွဲ-နှစ်ပွဲဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဆက်ထိန်း

အမျိုးသားအသင်းလိုက် ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းနှင့် နာမည်ကြီး မွန်ပြည်နယ်အသင်းတို့ဆုံတွေ့ကြရာ ရန်ကုန်တိုင်းအသင်းသည် သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ခြောက်နှစ်ဆက်တိုက်ချန်ပီယံဘွဲ့ကို ဆက်ထိန်းသွားနိုင်သည်။

ပါဝင်ယှဉ်ပြိုင်

အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပနေစဉ် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် တစ်ဦးချင်းပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ အမျိုးသား ၆၄ ဦးနှင့် အမျိုးသမီး ၁၂ဦး၊ အသက် ၁၈နှစ်အောက် မြန်မာပြည်တံခွန်စိုက်ပြိုင်ပွဲတွင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၉၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာ့အလင်းသတင်းအဖွဲ့သည် ခြောက်နှစ်ဆက်တိုက် အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်း အမျိုးသမီး နည်းပြဆရာ တပ်ကြပ်ကြီးမြင့်ရွှေ (ရန်ကုန်တိုင်းစစ်ဌာနချုပ်)နှင့် ပါဝင်ယှဉ်ပြိုင်မှုအခြေအနေ၊ ပြိုင်ပွဲ အတွေ့အကြုံများကို တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

လေ့ကျင့်မှု

ရန်ကုန်တိုင်း အမျိုးသမီးအသင်းနည်းပြ တပ်ကြပ်ကြီးမြင့်ရွှေက "မိမိတို့အသင်းသည် အတွေ့အကြုံရှိ ဝါရင့်အားကစားသမားအများစုပါဝင်ကြောင်း၊ ပြိုင်ပွဲတစ်လျှောက်အခက်အခဲဆုံးယှဉ်ပြိုင်ရသည့်အသင်းမှာ ဗိုလ်လုပွဲတွင်ဆုံတွေ့ခဲ့သည့်ပဲခူးတိုင်းအသင်းပင်ဖြစ်ကြောင်း၊ မိမိတို့ သုံးပွဲ-ပွဲမရှိဖြင့်နိုင်သော်လည်း ပွဲငယ်များတွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ခဲ့ရကြောင်း၊ ပြည်နယ်နှင့် တိုင်းများမှ ပါဝင်ကစားသွားသည့် ကစားသမားများသည် ကစားဟန်၊ နည်းစနစ်ပိုင်းတို့တွင် တိုးတက်မှုရှိလာပြီး နိုင်ငံအတွက် အားထားရမည့်မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွန်းလာနိုင်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ယနေ့နံနက် ၉နာရီက အမျိုးသားနှင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း စားပွဲတင်တင်းနစ် ဝါသနာရှင်များအား သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ယှဉ်ပြိုင်

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းမှ အောင်ထွန်း ယှဉ်ပြိုင်နေစဉ်။
(မြန်မာ့အလင်း)

အကြိမ်(၂၀)မြောက် ပြည်နယ်နှင့် တိုင်းအသင်းလိုက်ပြိုင်ပွဲတွင် ခြောက်နှစ်ဆက်တိုက် အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်း အမျိုးသား၊ အမျိုးသမီးအသင်းအား အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံတွင် နည်းပြများနှင့်အတူ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၁၇

ကလောမြို့ ထင်းရှူးရိပ်သာဂေါက်ကလပ်၌ ဇူလိုင် ၇ ရက်တွင် ဒုတိယ ဗိုလ်မှူးကြီးသန့်ဇင်ဦးသည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးသန့်ဇင်မော်၊ ဒုတိယဗိုလ်မှူးကြီးအေးလှိုင်၊ ဒုတိယဗိုလ်မှူးကြီးမောင်ဆန်း၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့် တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁) ၁၂၅ ကိုက်အကွာမှ Reygrande No-1 ဘောလုံးကို Maruman Proliner-z Iron-9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လေးမျက်နှာ မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၇

နှစ်စဉ်ကျင်းပလျက်ရှိသော ဝါတွင်းသုံးလ တရားစခန်းပွဲကို ၁၃၆၉ ခု ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် (ဩဂုတ် ၅ရက်)တွင် လေးမျက်နှာ မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ပါကင်ဆန်ရောဂါဖြစ်ပွားမှု လျော့နည်းစေသည့်ပရိုတိန်းတွေ့ရှိ

ပါကင်ဆန်ရောဂါဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေသည့် ပရိုတိန်းတစ်မျိုးကို ဗြိတိန်နိုင်ငံမှ သုတေသနပညာရှင်များက တွေ့ရှိထားကြောင်း သိရသည်။

အစားထိုး

ပါကင်ဆန်ရောဂါဖြစ်ပွားစေသည့် ဦးနှောက်နာဗ်ဆဲလ်များ ပျက်စီးမှုကို အဆိုပါပရိုတိန်းက ကာကွယ်ပေးနိုင်ကြောင်း ထို့အပြင် ပျက်စီးသွားသော နာဗ်ဆဲလ်များအတွက် ဆဲလ်အသစ်များ အစားထိုးဖြစ်ပေါ်အောင် ကူညီပေးကြောင်း ၎င်းတို့က ပြောကြားသည်။

တွေ့ရှိ

အဆိုပါပရိုတိန်းကို ဓာတ်ခွဲခန်းသုံး ကြွက်များအား စမ်းသပ်ကြည့်ရာ၌ ကြွက်များ၏ ပျက်စီးနေသော နာဗ်ဆဲလ်များနေရာ၌ ဆဲလ်အသစ်များဖြစ်ပွားအောင် ကူညီပေးကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

၎င်းပရိုတိန်းကို တိရစ္ဆာန်အချို့မှရယူကာ ပါကင်ဆန်ရောဂါရှင်များအား တိုက်ရိုက်ကုသပေးခြင်းဖြစ်ရာ ပိုမိုပြည့်စုံသော အချက်အလက်များသိရှိနိုင်ရန် ဆက်လက်သုတေသနပြုမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

မေတ္တာပေါင်းကူးတံတားဖွင့်ပွဲ ကျိုက်ထိုမြို့နယ်၌ ကျင်းပ

ကျိုက်ထို ဇွန် ၂၀

ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက် အောင်မြင်သာနှင့် အောင်မင်္ဂလာတို့ ဆက်သွယ်ပေးထားသည့် မေတ္တာပေါင်းကူး တံတားဖွင့်ပွဲကို မေ ၂၆ရက် နံနက် ၈နာရီက အောင်မင်္ဂလာ သီရိမင်္ဂလာဓမ္မာရုံ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး အောင်မြင့်စိုး**(ယာပုံ)**၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံငြိမ်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရပ်မိရပ်ဖ အဖွဲ့ခေါင်းဆောင် ဦးရွှေအောင်က တံတားဖြစ် မြောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်ကွက်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဖွင့်လှစ်

ဆက်လက်၍ မေတ္တာပေါင်းကူးတံတားကို အရှင် ဦးသြဘာသ၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တံတားအမျိုးအစား

အဆိုပါတံတားသည် အလျားပေ ၁၁၀၊ အနံ ၁၀ပေ သစ်သားတံတား အမျိုးအစားဖြစ်ပြီး ပြည်သူများ စုပေါင်း လှူဒါန်းငွေဖြင့် ကာလတန်ဖိုးငွေကျပ် သိန်း ၃၀ကျော်ခန့် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂) ဦးစိုးမြင့်ဦးနှင့် ကျန်းမာရေးဌာနစိတ် ဝန်ထမ်းများ ဇူလိုင် ၇ရက်က ဘားအံမြို့ အထက(၁)ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါနှင့်ခြင်အန္တရာယ် မဖြစ်စေရေးအတွက် ခြင်ဆေးဖျန်းဆောင်ရွက်မှုကိုအမှုဆောင် အရာရှိဦးသက်ဦးရှိန်နှင့် ဦးစီးအရာရှိ ဦးကျော်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



မြို့နယ် သတင်းများ

သထုံမြို့နယ်စည်ပင်သာယာရေး အဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အတွက် ကျေးလက်လမ်းဖြစ်သော ကျိုက်ကော်ဈေးအဝင်လမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းကို ဇွန် ၂၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးတင်ကိုနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအေးမင်းထွန်း တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စဥ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်

စဥ့်ကူး ဇူလိုင် ၁

စဥ့်ကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ဇွန် ၁၅ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ မြို့နယ်ဒုတိယဦးစီးမှူး ဦးလှထွန်းနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက ပညာသင်ထောက်ပံ့ ကြေးငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ် ရေးမှူးက ၂၀၀၇-၂၀၀၈ခု ပညာ သင်နှစ် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရာ တက္ကသိုလ်ဆင့်ကျောင်းသား များကိုယ်စား မောင်ဖြိုးဟေမာန်က လည်းကောင်း၊ အထက်တန်းဆင့် ကျောင်းသားများကိုယ်စား မောင်ပြည့် ဖြိုးကျော်ကလည်းကောင်း၊ အလယ် တန်းဆင့် ကျောင်းသားများကိုယ်စား မောင်စည်သူထက်က လည်းကောင်း၊ မူလတန်းကျောင်းသားများ ကိုယ်စား မောင်ခန့်ထူးဆွေကလည်းကောင်း လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မန္တလေး ပွဲစားကုန်သည်စက်ဆိုင်များ ကထိန်တော်အသင်း သုံးထပ်အဆောက်အအုံတည်ဆောက်ရန် မြေသန့်မင်္ဂလာကျင်းပ

မန္တလေး ဇူလိုင် ၉

မန္တလေးမြို့ ပွဲစားကုန်သည်စက်ဆိုင်များ ကထိန်တော်အသင်း (၇၅) နှစ်မြောက် စိန်ရတုအကြို မန္တလေးမြို့ ဂုဏ်ကျက်သရေဆောင် ပေ ၁၀၀ ပတ်လည် စိန်ရတုသုံးထပ်အာရ်စီ အဆောက်အအုံ တည်ဆောက်ရန် မြေသန့် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၄ရက် ညနေ ၅နာရီက အဆိုပါ အသင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်း အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တအဂ္ဂိယ၊ မန္တလေးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်း ကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသအမှူးပြုသော သံဃာတော် ၇၅ပါး ကြွရောက်တော်မူကြပြီး ကထိန်တော်အသင်း နာယကများ၊ ဥက္ကဋ္ဌအရီးတောင်း ဦးကျော်သိန်းနှင့်အမှုဆောင်များ၊ အသင်းသူ အသင်းသားများ တက်ရောက် ကြည်ညိုကြပြီး အခမ်းအနားကို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ် ချီးမြှင့်ကြပြီး မြေသွင်း၊ မြေနုတ် မြေသန့်မင်္ဂလာကို ကျင်းပတော်မူကြပြီး ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးက အနုမောဒနာသြဝါဒကထာ ချီးမြှင့်သည်။

ဆက်လက်၍ ဇူလိုင် ၅ရက် နံနက်မင်္ဂလာအချိန်တွင် ကထိန်တော်အသင်း နာယက၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များက ပန္နက်တင်နှင့် တွင်းတော်တူး မင်္ဂလာ တို့ကို ကျင်းပသည်။

အဆိုပါအဆောက်အအုံကို အေဇက်အေ ဆောက်လုပ်ရေးမှ တာဝန်ယူ ကြီးကြပ်၍ မြန်မာမှုဗိသုကာလက်ရာများဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **(၃၁၃)**

ဖျာပုံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်

ဖျာပုံ ဇူလိုင် ၁၀

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် သားသမီးများ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၇ရက်က အဖွဲ့ရုံးခန်းမတွင် ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ် စစ်မှု ထမ်းဟောင်းအဖွဲ့ ယာယီ ဥက္ကဋ္ဌ ဗိုလ်သန်းဌေး (အငြိမ်းစား) **(ဝဲပုံ)**က အဖွင့်အမှာ စကားပြောကြားပြီး အခြေခံ ပညာ မူလတန်းဆင့် ၃၈ဦး၊ အလယ် တန်းဆင့် ၂၄ဦး၊ အထက်တန်းဆင့် ၁၂ဦးနှင့် တက္ကသိုလ်ဆင့် ၁၇ဦးတို့အား ပညာ သင်စရိတ် ငွေကျပ် ၃၅၆၀၀၀ကို ခွဲဝေ ထောက်ပံ့ချီးမြှင့်ရာ အဖွဲ့ဝင် ကျောင်းသား ကျောင်းသူ၊ မိဘများ ကိုယ်စား ဒုတိယအရာခံ ဗိုလ်ရွှေဘော် (အငြိမ်းစား)က ကျေးဇူးတင်စကားပြော ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။ **(၁၅၈)**

ရပ်စောက်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး ဆင့်ပွား သင်တန်းဖွင့်ပွဲကျင်းပ

ရပ်စောက် ဇူလိုင် ၄

ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ဖွင့်လှစ်သော စည်းရုံးရေးဇုန် နယ်မြေ (၂)စည်းရုံးရေးဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၀၇) ဖွင့်ပွဲ အခမ်း အနားကို ဇွန် ၂၃ရက် နံနက်၉နာရီကရပ်စောက် မြို့နယ် ယမ်းတွင်းငါး ကြောင်ကျေးရွာ အုပ်စု ပင်ဖြစ်ကျေးရွာ တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဝင်းက အဖွင့် အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်အသင်း အလုပ်အမှုဆောင် ဦးမိုး ကျော်သူက သင်တန်းဖွင့် အမှာစကား ပြောကြား သည်။

ဆက်လက်၍မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဝင်းက သင်တန်း အတွက် အလှူငွေကျပ် ၃၀၀၀၀ ပေးအပ်လှူဒါန်း ရာ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု စည်းရုံး ရေးမှူး ဦးစောဝင်းက လက်ခံ ရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်းလမ်းဘေး ဝဲယာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တွင်းမြို့ပြင်လမ်းဘေး ဝဲယာ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်မှုကို ဇွန် ၂ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင် ကွင်းဆင်းကြပ်မတ် စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပုဇွန်တောင်မြို့နယ် လမ်း၅၀ အမှတ်(၉၆/၉၈)နေ အစ်ကိုကြီး၊ မောင်နှမများနှင့်ဒေါ်ခင်ရွှေတို့က ဒေါ်အေးရင်၊ ဒေါ်ကျင်၊ သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏတို့အား ရည်စူး၍ အဘိဓမ္မာ ပိဋကဝင် ကြေးပိဋကတ် ပဋ္ဌာန်းပါဠိတော် ကြေးပြားတစ်ချပ်တန်ဖိုးငွေကျပ်၂၅၀၀၀နှင့် အဘိဓမ္မာပိဋကဝင် ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် တတိယအုပ်ကြေးသေတ္တာတစ်လုံး တန်ဖိုးငွေကျပ် ၁၄၅၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ် လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။(က–ပ)

အရိပ်ရပင်နှင့် ပန်းအလှပင်စိုက်ပျိုး

ဖလမ်း ဇူလိုင် ၁၁

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်မှုဖြင့် မြို့သာယာလှပရေး အတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပန်းအလှခုံများ တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ရက်က ချယ်ရီလမ်း ပန်းအလှခုံ တည်ဆောက်ခြင်း၊ မြို့နယ် ခန်းမရှေ့ ပန်းအလှခုံနှင့် အုတ်လှေကား တည်ဆောက်ခြင်း၊ အရိပ်ရပင် မျိုးစုံနှင့် ပန်းအလှပင် စိုက်ပျိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖခင်ကြီး ဦး ကျော် စိန်–မိခင်ကြီး ဒေါ်ရီ တို့အားရည်စူး၍ ရန် ကုန် တိုင်း အလုံ မြို့နယ် သိပ္ပံလမ်း အမှတ် ၆နေ ဒေါက်တာ စိန်လှိုင်–ဒေါ်ညွန့်ရီ၊ မြေး မောင် အောင် ကောင်း မြတ်နှင့် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်း

ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီမြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့်ကာတွန်းပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

မြဝတီ ဇူလိုင် ၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက မြဝတီမြို့ သောင်ရင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က ပြည်ထဲရေးဝန်ကြီးမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ဆေးဝါး အမြစ်ပြတ်ရေးအတွက် မြန်မာနိုင်ငံ၏ သမိုင်းစဉ်ဆက် ကြိုးပမ်းမှုများကို မြဝတီခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခေတ္တမြဝတီခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်က ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီးစာစီစာကုံး၊ပန်းချီ၊ ကာတွန်းနှင့်ပိုစတာပြိုင်ပွဲတွင် အခြေခံပညာအထက်တန်း၊အလယ်တန်း၊ မူလတန်းတို့မှ ဆုရရှိသူ၃၀အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး တက်ရောက်လာကြသူများက ဆုရ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြခန်းတွင် ပြသထားမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မော်ကျွန်း မိခင်/ ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင်ကတ်နှင့် ရင်ထိုးတံဆိပ်ပေးအပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ရာသက်ပန် အသင်းဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ် ပေးအပ်ပွဲကို ဇွန် ၁၈ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်ကျွန်းမြို့ မော်ဧရာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်များ၊ မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ နယ်မြေငါးခုမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်မေထွေးက အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ နယ်မြေငါးခုမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၆၁၀၀တို့၏ ရာသက်ပန်အသင်းဝင် ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မေထွေး၊ အသင်းအတွင်းရေးမှူး ဒေါက်တာ ခိုင်မြတ်မင်းနှင့် အသင်းအမှုဆောင်များက နယ်မြေအလိုက် ပေးအပ်ကြသည်။ (ဝဇ၇)

မြို့နယ် သတင်းများ

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုများအား ၂၀၀၇–၂၀၀၈ ခုနှစ်အတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ဌာန ဝန်ထမ်း သားသမီး ၁၉ဦး အတွက် ငွေကျပ် ၄၇၈၀၀နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

ဇူလိုင် ၇ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအေးချို ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဗိုလ်ဇထူးလမ်း ကတ္တရာခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးပြည်ထွန်း တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုဆိုင်ရာ ဆင့်ပွားသင်တန်း လယ်ဝေး၌ ဖွင့်လှစ်

လယ်ဝေး ဇူလိုင် ၁၀

ပျဉ်းမနား ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၄ရက် နံနက်၉နာရီက လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်၊ ခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်က အဖွင့်အမှာစကား ပြောကြားပြီး ပျဉ်းမနားခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

လှိုင်လင်ကြက်ခြေနီအသင်း ကြီးမှူး အခြေခံရှေးဦးပြုစု ဆင့်ပွားသင်တန်းဖွင့်

လှိုင်လင် ဇူလိုင် ၂

လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်း (၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၃ရက် နံနက် ၈နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေး တက်ရောက်ပြီး ကြက်ခြေနီ လုပ်ငန်း၏ မွန်မြတ်မှုများကို ပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ ခရိုင်ဆေးရုံအုပ်ကြီး ကိုယ်စား ခရိုင်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးတင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးမြင့်ကြည်က ပညာရေးဌာနကျောင်းများနှင့် ပြည်သူများ နယ်ပယ်တွင် ရှေးဦးပြုစုကြက်ခြေနီလုပ်ငန်း၏ လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

ဖွင့်လှစ်

အခြေခံရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းကို လှိုင်လင်မြို့နယ်တွင် ခြောက်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချောက်မြို့ ရွာဝံကြယ်စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆောင်ရွက်ရမည့်နည်းလမ်းများ ရှင်းလင်း၊ စာအုပ်များပေးအပ်

ချောက် ဇူလိုင် ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဇူလိုင် ၇ရက်က ချောက်မြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းကာ စာအုပ်စာစောင်များ ပေးလှူခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၇ရက် မွန်းလွဲပိုင်းက ဌေးပင်ကျေးရွာ ရွာဝံကြယ်စာကြည့်တိုက်သို့ ရောက်ရှိ၍ စာကြည့်တိုက်ကော်မတီဝင်များ၊ စာဖတ်သူ၊စာငှားသူများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်အကျိုးကျေးဇူးနှင့် ရေရှည်တည်တံ့ရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းမှာကြားပြီး စာကြည့်တိုက်မှူးထံသို့ စာအုပ်စာစောင်များပေးလှူခဲ့သည်။

အလားတူ ထန်းခြောက်ပင်ကျေးရွာ ခေတ်မြင်ကွင်းစာကြည့်တိုက်၊ စမ်းစုရွာသစ်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်နှင့် ဆင်ကကျေးရွာ ဖူးပွင့်ဝေသီစာကြည့်တိုက်တို့တွင်လည်း တွေ့ဆုံမှာကြားပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရေပေးဝေမှု

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇွန် ၁၀ရက်က မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် အများသုံး အုတ်ရေလှောင်ကန်မှ ရေပေးဝေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စေတနာ့ညကျောင်းသို့ စာအုပ်နှင့် မီးစက်လှူဒါန်း

ကျောက်မဲ ဇူလိုင် ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့၏ ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ် စေတနာ့ညကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ရက် ညနေ ၆နာရီခွဲက အမှတ် (၈) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းက အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက စေတနာ့ညကျောင်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက ဗလာစာအုပ်များ၊ ဘောပင်များနှင့် မီးစက် တစ်လုံးကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသားပညာရည်မြင့်မားရေး ထပ်ဆင့်ရှင်းလင်း

မုဒုံ ဇူလိုင် ၂

အခြေခံပညာရေးကဏ္ဍ ၂၀၀၇ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ မြို့နယ်အဆင့်ထပ်ဆင့် ရှင်းလင်းပွဲကို ဇွန် ၂၃ရက် နံနက် ၉နာရီက မုဒုံမြို့ သာသနာ့ဗိမာန် ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင့်ဇော်ထူးက ပညာရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

အဆိုပါ နှီးနှောဖလှယ်ပွဲမှ သင်ရိုးမာတိကာ ပြုပြင်ရေးဆွဲခြင်းနှင့် ပညာရေး အညွှန်းကိန်းများ၊ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့် သင်ရိုးမာတိကာ အဆင့်မြှင့်တင်မှုအခြေအနေများ၊ ပညာရေးဝန်ကြီးဌာန၏ ရှင်းလင်းမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ လက်ထောက် မြို့နယ်ပညာရေးမှူး၊ အထက်တန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး၊ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်နှင့် မူလတန်းပြများ တက်ရောက်ကြသည်။ **(၃၃၀)**

ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန
သားငါးပွံ့ဖြိုးရေးအတွက် ငါးမျိုးစိုက်ထည့်

ပြည် ဇူလိုင် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၅ရက် နံနက်က ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းဆည်တွင်ကျင်းပသည်။

အဆိုပါ ပေါက်ခေါင်းမြို့နယ် တောင်နဝင်းဆည် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ရင်ရင်မြင့်၊ ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရေလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ငါးကြင်းသားပေါက် ကောင်ရေ ၆၀၀၀၀ကို တောင်နဝင်းဆည်အတွင်းသို့ မျိုးစိုက်ထည့် လွှတ်ပေးကြသည်။ **(အောက်ပုံ)**

အလားတူပင် ပြည်ခရိုင်အတွင်းရှိ မြောက်နဝင်းဆည်၊ ကန်ကြီးကုန်းဆည်နှင့် ရွှေတောင်ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၆၀၀၀၀စီ ငါးမျိုးစိုက်ထည့် လွှတ်ပေးကြကြောင်း သိရသည်။ **(၄၀၃)**

ငါးရှဉ့်ငယ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး စိန်ပန်းတံတားအနီး ရေပြင်၌ ပြန်လည်လွှတ်ပေး

ညောင်လေးပင် ဇူလိုင် ၁၂

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရှဉ့်လုပ်ငန်းရှင်များအား လိုင်စင်ရှိမှဝယ်ယူရန်နှင့် ၅စင်တီမီတာထက်ငယ်သော ငါးရှဉ့်များ ရောင်းဝယ်ရင်း ပါရှိလာပါက လာရောက်အပ်နှံရန်နှင့် စစ်ဆေးတွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း ကြိုတင်ပညာပေး၊ အသိပေးထားပြီး ဖြစ်ရာ ဇူလိုင် ၃ရက်က ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေး ဈေးအတွင်းရှိ ငါးရှဉ့်ဒိုင်ပိုင်ရှင် ဦးကျော်ထူးက ၅စင်တီမီတာအောက် ငါးရှဉ့်သေတ္တာ ရှစ်လုံး၊ ပိဿာချိန် ၄၈၀ခန့်ရှိသော ငါးရှဉ့်များကို တာဝန်သိစွာဖြင့် လာရောက် အပ်နှံရာ အဆိုပါငါးရှဉ့်ငယ်များ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေး မျိုးပြန့်ပွားစေရေး အတွက် ဇူလိုင် ၄ရက် နံနက် ၉နာရီက ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့သစ် စိန်ပန်းတံတားအနီး သဘာဝရေပြင်သို့ မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်သိန်း၊ ငါးရှဉ့်လုပ်ငန်းရှင် ဦးကျော်ထူးနှင့် အဖွဲ့က ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၁၃၄)

မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် မေ ၂၃ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ အင်ဂျင်နီယာမှူး ဦးသိန်းဇော်နှင့်အတူ မြို့အဝင်ဆိုင်းဘုတ် မြေယာရှုခင်းအလှပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃၄

မြန်မာ့စီးပွားရေးဘဏ် (ဘဏ်ခွဲ-၄)	**နှင့်**	၁။ ဦးချောခိုင် ၂။ အောင်စိုးဝင်း
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှု အမှတ် ၁၈/၀၆ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၀၇ ခုနှစ် ဩဂုတ် ၂၃ ရက် နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၁၃)ရပ်ကွက် ဆည်မြောင်း (၂)လမ်း မြေကွက်အမှတ် (၇၀၃)ရှိ (၄၁ x၆၀)ပေ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၀x ၄၀)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ အပေါ်လျှာထိုးခင်း၊ အောက်ကွန်ကရစ်ခင်း၊ နှစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၆၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့် ရရှိမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၇ခုနှစ် ဇူလိုင် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

စိန်လှ
ခရိုင်တရားသူကြီး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Office Equipment	(1) Lot
2.	Remote Access Server	(1) Lot

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၇-၂၀၀၇ ရက် မွန်းတည့် ၁၂နာရီ

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၄-၇-၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)
အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၂၇၄၈၊ ၂၂၀၂၁၄။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်ခရိုင် သစ်ပင်စိုက်ပျိုးပွဲတက်ရောက် ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး ပြည်သူ့ဆေးရုံဆောက်လုပ်မှုလုပ်ငန်း တိကျမှန်ကန်စွာ တည်ဆောက်ရေးမှာကြား

ကျွန်းပျိုးပင် စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်ခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်းပျိုးပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ရှိ ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ *

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ သာကေတမြို့နယ် ယုဇနဆီချောဆီသန့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သွင်းကုန်အစားထိုးနိုင်ရေး စားအုန်းဆီချောများ စဉ်ဆက်မပြတ်ထုတ်လုပ် စားအုန်းဆီများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး စစ်ဆေးကြပ်မတ် ဈေးကွက်ပိုမိုတွင်ကျယ်လာရေး အရည်အသွေးထိန်းသိမ်းမြှင့်တင်

ရန်ကုန် ဇူလိုင် ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ယုဇနဆီချောဆီသန့်စက်ရုံသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုဆို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၇ နာရီခွဲတွင် ယုဇနဆီချောဆီသန့်စက်ရုံသို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

မိုးလေဝသ အခြေအနေ

၁၈-၇-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။

NLD ပါတီ၏လုပ်ရပ်များအပေါ် ယုံကြည်မှုမရှိ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လို ကန်ကြီးထောင့်မြို့နယ်မှ ပါတီဝင် ၄၃ ဦး နုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၇

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမြင့်စိုး၊ ဦးစောထူး၊ ဦးသန်းကြွယ်၊ ဦးမြလွင်နှင့် ဦးလှချေတို့အပါအဝင် ပါတီဝင် ၄၃ ဦးတို့သည် ဇူလိုင် ၆ ရက်တွင် ၎င်းတို့ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကန်ကြီးထောင့်မြို့နယ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီ၏ လုပ်ရပ်များအပေါ် ယုံကြည်မှုမရှိတော့ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လိုသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**